ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday 14 February 2019 ၉၅၆၂

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြိတ်မြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ခရိုင်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မြိတ် ဖေဖော်ဝါရီ ၁၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက မြိတ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ယနေ့ကလေးများသည် ဖေဖေမိန့်ခွန်းပြောသည့်ပုံစံကို သရုပ်ဆောင်ကြောင်း၊ သရုပ်ဆောင်သည့်နေရာတွင် အတော်ဆုံးနေရာက ဆုရသည်ဟု သိရပါကြောင်း၊ သရုပ်ဆောင်တော်တယ်ဆိုသည်မှာ အနုပညာအရ ပါရမီပါသည်ဟု ပြောနိုင်ကြောင်း၊ ဖေဖေ၏ ပြင်ပရုပ်ကိုသာ အတုခိုးရန်က အဓိကမဟုတ်ပါကြောင်း၊ နိုင်ငံအပေါ်ထားသည့် စေတနာကို လေးစားတန်ဖိုးထားပြီး အတုခိုးခြင်းက အရေးကြီး**

### သောင်းသောင်းဖြဖြ ကြိုဆို

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား မြိတ်မြို့တွင်းလမ်းမကြီးများတစ်လျှောက်တွင် ဒေသခံပြည်သူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ရုပ်ပုံပိုစတာများနှင့် ဗီနိုင်းပိုစတာများအား ကိုင်ဆောင်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြိတ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ခရိုင်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

### ကြိုးပမ်းမှုကြောင့်ဖြစ်

ဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအနေဖြင့် ယခုဆိုလျှင် တနင်္သာရီတိုင်းဒေသကြီးကို မရောက်သည်မှာ နှစ်နှင့်ချီသွားပြီဖြစ်ပါကြောင်း၊ ယခုလို လာနိုင်သည့်အတွက် ဝမ်းသာပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူလူထု၏ နွေးထွေးစွာ ကြိုဆိုမှုအတွက် ကျေးဇူးတင်ပါကြောင်း၊ ယနေ့သည် ဖေဖေ၏ ၁၀၄ နှစ်မြောက် မွေးနေ့ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ဖေဖေ၏မွေးနေ့ကို ကလေးများနေ့အဖြစ် သတ်မှတ်ပြီး ဤကျောင်းတွင် ဆုပေးပွဲပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ဆုဆိုသည်မှာ လွယ်လွယ်ကူကူနှင့် ရသည့်အရာမဟုတ်ပါကြောင်း၊ ကြိုးပမ်းမှုကြောင့်သာရရှိခြင်းဖြစ်ပါကြောင်း၊ ရသင့်ရထိုက်သည့် ဆုရရှိမှသာလည်း ဂုဏ်ရှိသည်ဟု အားလုံးကိုပြောချင်ပါကြောင်း။

မိမိ၏ ကြိုးစားမှုကြောင့်၊ စွမ်းဆောင်မှုကြောင့် ရသည့်ဆုဆိုလျှင် ကောင်းပါကြောင်း၊ ထိုထက်ပိုပြီး ကောင်းသည့်ဆုမှာ အခြားသူများအတွက် စွမ်းဆောင်မှုကြောင့်ရသည့် ဆုပင်ဖြစ်ပါကြောင်း၊ ဖေဖေဆိုလျှင် ပြည်သူလူထု၏

စာမျက်နှာ ၃ ကော်လံ ၁ သို့



# ကြေးမုံ

## အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေး လယ်ယာကဏ္ဍ ကြံဆဖော်ထုတ်

ယနေ့မြန်မာနိုင်ငံတွင် အရေးကြီးသောလိုအပ်ချက်တစ်ရပ်မှာ ပြည်သူပြည်သားများ စားဝတ်နေရေးပြေလည်ရေးကိုအထောက်အကူပြုမည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာရေးဖြစ်သည်။ ထို့ကြောင့် အလုပ်အကိုင်များ တိုးတက်ဖော်ထုတ်ပေးနိုင်မည်ဆိုပါက ပြည်သူများ ကျေနပ်ဝမ်းမြောက်မှုဖြစ်ပြီး နိုင်ငံ၏ အနာဂတ်ခရီးလည်း ဖြောင့်ဖြူးသာယာမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် လူဦးရေတိုးပွားလာမှုနှင့်အတူ မြန်မာနိုင်ငံ၏ စီးပွားရေးလောကအခြေအနေအရ အလုပ်အကိုင်ရှားပါးမှုနှင့်ကြုံနေရသည်ဟု ဆိုရမည်ဖြစ်သည်။ အလုပ်အကိုင်များမှာ မြို့ပြများတွင် အခွင့်အလမ်းကောင်းများရှိသော်လည်း ကျေးလက်တွင် ပိုမိုရှားပါးလာသည်။ အထူးသဖြင့် ကျေးလက်ဒေသမှ လူငယ်များ အလုပ်အကိုင်ရှားလာသဖြင့် ကြုံရာကျပန်းလုပ်ကိုင်ခြင်း၊ မိမိဒေသကိုစွန့်ခွာ၍ ရေကြည်ရာ၊ မြက်နုရာ မြို့ပြနှင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာခြင်းတို့ နေ့စဉ်ရှိနေသည်။ ယင်းတို့သည် မိမိတို့၏အခက်အခဲကို ပြေလည်အောင် ရုန်းကန်ဖြေရှင်းခြင်းဖြစ်သော်လည်း နိုင်ငံအတွက် ကောင်းမွန်သည့်လက္ခဏာ မဟုတ်သည်မှာ သေချာပါသည်။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားသောနိုင်ငံဖြစ်ပြီး နိုင်ငံနယ်မြေ၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးလုပ်ကိုင်ရာဒေသများဖြစ်သည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးကို ဖြစ်ထွန်းအောင်လုပ်ကိုင်နိုင်မှ ဒေသခံပြည်သူများ အလုပ်အကိုင် အဆင်ပြေပြီး လူမှုဘဝအေးချမ်းသာယာမည်ဖြစ်သည်။ တစ်ဖက်တွင် နိုင်ငံတော်၏ စိုက်ပျိုးစွမ်းအားမြင့်မားပြီး စီးပွားတိုးတက်လာမည်ဖြစ်သည်။ လက်ရှိတွင် အခွင့်အလမ်းနည်းပါးသောကြောင့် လယ်ယာလုပ်သားများ ရှားပါးလာသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP) ကို ရေးဆွဲပြဋ္ဌာန်း၍ ဘက်စုံကဏ္ဍစုံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုစီမံကိန်းကို ယမန်နှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈-၂၀၃၀ စီမံကိန်းကို ၁၂ နှစ်ကြာပြုလုပ်မည်ဖြစ်သည်။ MSDP တွင်ပါဝင်သည့် မဏ္ဍိုင်ကြီးသုံးရပ်တွင် လူသားများနှင့် ကမ္ဘာမြေ ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်သည် စားနပ်ရိက္ခာထုတ်လုပ်နေသည့် ဆန်စပါးအပါအဝင် လယ်ယာလုပ်ငန်းများနှင့် သက်ဆိုင်ပေသည်။

ထိုမဏ္ဍိုင်သည် မြန်မာနိုင်ငံတွင်လိုအပ်နေသည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးအတွက်သာမက ပြည်တွင်းစားသုံးမှုဖူလုံရေးအပြင် ကမ္ဘာ့လူသားအများ စားသောက်ရေးကို ဖြည့်ဆည်းပေးနေသဖြင့် ထိုမဏ္ဍိုင်ကြီး အောင်မြင်တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အရေးပါသော ထိုမဏ္ဍိုင်ကြီးဖွံ့ဖြိုးလာရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကြုံတွေ့နေရသော လယ်ယာလုပ်သားရှားပါးမှုပြဿနာများကို ထိရောက်စွာဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

အနာဂတ်ကာလ တိုင်းပြည်တည်ဆောက်ရေးတွင် အရေးကြီးသောအချက်ဖြစ်သည့် တိုးတက်လာသောလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံပြည့်စုံစေရေး၊ ဒေသအလိုက် အလုပ်အကိုင်ပေါများရေးကိုရှေးရှု၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူငယ်လူရွယ်မျိုးဆက်သစ်များ၊ အထူးသဖြင့် ကျေးလက်လူငယ်လူရွယ် မျိုးဆက်သစ်များ နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်လာရေးကို မဖြစ်မနေဖော်ဆောင်ပေးကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များ အသိအမြင်တိုးပွားရေး၊ ပညာသင်ကြားရေးနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာ၊ နည်းပညာများကို ကွင်းဆင်းဆောင်ရွက်ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ လူငယ်လူရွယ်များ၏ ဒေသအတွေ့အကြုံများ၊ သင်ခန်းစာများနှင့် စွမ်းရည်များကို ခေတ်အမြင်၊ အယူအဆနှင့်တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းသည် တိုင်းပြည်နှင့်လူမျိုး အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်သည်။ လက်ရှိတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဒေသအလိုက် တိုးတက်ရရှိရေးအတွက် မြန်မာနိုင်ငံအတွက် အဓိကအားထားရာ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းပေါင်းစုံဖြင့် တိုးတက်အောင် ကြံဆဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## သံအမတ်ကြီး ဦးစိုးလင်းဟန် ဥရောပကောင်စီဥက္ကဋ္ဌထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့အကြီးအကဲ သံအမတ်ကြီး ဦးစိုးလင်းဟန်သည် ၎င်း၏ ဥရောပသမဂ္ဂ (ဥရောပကော်မရှင်/ဥရောပကောင်စီ)ဆိုင်ရာ ခန့်အပ်လွှာများကို ဇန်နဝါရီ ၂၃ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဒေါ်နယ်လ်တပ်(စ်)ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း MYPOL မှ Team Leader အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် MYPOL ၏ Team Leader, Mr. Ricardo Carrasco နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် MYPOL အနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေးနှင့်နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်(ရွှေဈေး) ၁၀၇၃၀၀၀ - ၁၀၇၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၇၃၀၀၀ - ၁၀၇၃၀၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၆.၈ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၀.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၂၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၀၉၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၇.၇၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၇၆၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၈.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၉၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၃.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၃.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

မေတ္တာကိုခံယူရခြင်းကြောင့် ဘာဆုမှ မလိုအပ်ဘဲ ဆုကြီးရှင်တစ်ယောက် ဖြစ်နေပါကြောင်း၊ ယနေ့ကလေးများသည် ဖေဖေမိန့်ခွန်းပြောသည့်ပုံစံကို သရုပ်ဆောင်ကြောင်း၊ သရုပ်ဆောင်သည့်နေရာတွင် အတော်ဆုံးနေရာက ဆုရသည်ဟု သိရပါကြောင်း၊ သရုပ်ဆောင်တော်တယ်ဆိုသည်မှာ အနုပညာအရ ပါရမီပါသည်ဟု ပြောနိုင်ကြောင်း၊ ဖေဖေ၏ ပြင်ပရုပ်ကိုသာ အတုခိုးရန်က အဓိကမဟုတ်ပါကြောင်း၊ နိုင်ငံအပေါ်ထားသည့် စေတနာကို လေးစားတန်ဖိုးထားပြီး အတုခိုးခြင်းက အရေးကြီးပါကြောင်း။

**မှန်ကန်သည့်အပြုအမူများရှိရန် အရေးကြီး**

ယခုခေတ်တွင် အများအတွက်လုပ်ပေးသည့် စိတ်သဘောထားက အားလျော့ပါကြောင်း၊ တချို့က ထိုအရာကို ခေတ်နှင့်မညီဘူးဟု ပြောကြပါကြောင်း၊ ယခုခေတ်က ကိုယ့်အတွက်လုပ်နိုင်မှ၊ ကိုယ်ချမ်းသာအောင်လုပ်နိုင်မှ အဆင်ပြေမည်ဆိုပြီး လူကြီးများက သင်ကြားလာကြပါကြောင်း၊ ထို့ကြောင့် မိမိတို့ကလေးများ မှန်မှန်ကန်ကန် ပညာသင်ယူစေချင်လျှင်၊ မှန်ကန်သည့်စံနှုန်းများနှလုံးသွင်းစေချင်လျှင် လူကြီးများက မှန်ကန်သည့်အပြုအမူများရှိရန် အရေးကြီးပါကြောင်း၊ ပြောသည်ကတစ်မျိုးပြောပြီး လုပ်သည်ကတစ်မျိုးဆိုလျှင် ကလေးများ စိတ်ရှုပ်ထွေးပြီး လေးစားမှု၊ ယုံကြည်မှုပျက်နိုင်ပါကြောင်း၊ ထို့ကြောင့် မိဘဆရာများသည် ကျောင်းသား ကျောင်းသူများ၊ ကလေးများအတွက် စံနမူနာအဖြစ် နေသင့်ပါကြောင်း။

ကျောင်းတစ်ကျောင်း၏ တန်ဖိုးကိုတွက်သည့်အခါ ကျောင်းသား ကျောင်းသူများ ကျောင်းကိုမလာချင်သည့်စိတ်က အများဆုံးဖြစ်နေလျှင် ထိုကျောင်း၏ အခြေအနေမကောင်းဘူးဟု သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းတစ်ခုသည် ပြင်ပအားဖြင့်ကြည့်လျှင် မည်မျှပင် မပြည့်စုံသည့် ပုံစံထွက်နေပါစေ၊ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ မပြည့်မစုံဖြစ်နေပါစေ ကလေးက ကျောင်းကိုသွားရသည်မှာ ပျော်သည်ဆိုလျှင် ထိုကျောင်းသည် အောင်မြင်ပြီဟု ဆိုနိုင်ပါကြောင်း၊ ကျောင်းမှာပျော်လျှင် ကျောင်းက သင်ပေးသည်များကို သင်ယူနှလုံးသွင်းပြီး တစ်ဘဝလုံး တန်ဖိုးထားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အဓိကမှာ ဆရာ ဆရာမများ၏ တာဝန်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအပေါ် စေတနာရှိမည်ဆိုလျှင်၊ ကျောင်းသား ကျောင်းသူများ၏ရှေ့ရေးအတွက် စဉ်းစားမည်ဆိုလျှင် ကလေးများ မပျော်စရာအကြောင်း မရှိပါကြောင်း။

ယခုတစ်နိုင်ငံလုံးမှ ကျောင်းတချို့ကိုကြည့်သည့်အခါ မိမိသတိပြုမိသည်မှာ ကျောင်းသည် ရုပ်ပိုင်းဆိုင်ရာအရ ထည်ဝါရန်၊ ခမ်းနားရန် အဓိကမဟုတ်ပါကြောင်း၊ ဆရာ ဆရာမများက ကျောင်းသားများကို ကျောင်းနေချင်သည့် စိတ်ဖြစ်စေရန် မည်မျှလုပ်ပေးနိုင်သည်ဆိုသည်က အဓိကဖြစ်ပါကြောင်း၊ လိုအပ်နေသည်များကို မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သည့်ဘဏ္ဍာငွေအခြေအနေအတွင်းက ကူညီမည်ဖြစ်ပါကြောင်း၊ သို့သော် ဆရာ ဆရာမများကလည်း ကူညီရလိမ့်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ကျောင်းသား ကျောင်းသူများက ကူညီတတ်သည့် အလေ့အထနှင့် ပြန်ပြီးကူညီမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အဓိကသယံဇာတအင်အားဆိုသည်မှာ ပြည်သူလူထုဖြစ်ပါကြောင်း၊ မိမိတို့ အနာဂတ်အတွက် ကလေးငယ်များသည် မိမိတို့၏ဘဏ်ထဲတွင် စုထားသည့်ငွေကြေးများကဲ့သို့ ဖြစ်ပါကြောင်း၊ အနာဂတ်တွင် အချိန်မရွေးထုတ်သုံးနိုင်သည့် အင်အားများ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိဘဆရာများသည် နိုင်ငံတစ်နိုင်ငံလုံးအတွက် သုံးမကုန်သည့် နိုင်ငံတော်ရတနာများဖြစ်စေရန် ဝိုင်းဝန်းပြီးကြိုးစားကြရန် မိမိအနေဖြင့် ဆော်သြပါကြောင်း။

**အပြည့်အဝအကျိုးရှိစေရန် လုပ်ဆောင်**

တနင်္သာရီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံတွင် အချမ်းသာဆုံးတိုင်းဒေသကြီးတစ်ခုဟု ပြောမရပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရန်၊ ဤတိုင်းဒေသကြီးမှ ပြည်သူလူထုချမ်းသာကြွယ်ဝရန် အားလုံးဝိုင်းပြီးလုပ်ရမည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရအနေဖြင့်လည်း အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဖြစ်ပါကြောင်း။

သို့သော် အားလုံးသိသည့်အတိုင်း မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ် ခုနစ်ခုရှိသည့်အတွက် အားလုံးမျှမျှတတ တတ်နိုင်သမျှကူညီရပါကြောင်း၊ နိုင်ငံက မကြွယ်ဝမချမ်းသာသည့်အတွက် ထောက်ပံ့ချင်သလောက် မထောက်ပံ့နိုင်ပါကြောင်း၊ ထောက်ပံ့သမျှ ထိထိရောက်ရောက် အပြည့်အဝအကျိုးရှိစေရန် လုပ်ဆောင်ရမည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တာဝန်ဖြစ်ကြောင်း၊ လူတိုင်းလူတိုင်းသည် တာဝန်ကို အလေးထားရမည်ဖြစ်ပါကြောင်း၊ တာဝန်မဲ့သည့်ပုဂ္ဂိုလ်များသည် အခြားသူများအတွက် တာဝန်ယူနိုင်သည့် အနေအထားမရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံတွင် အားလုံးတာဝန်သိစိတ်ဖြင့် နိုင်ငံအတွက် လုပ်ဆောင်ရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့ အဖွဲ့ချုပ်အနေဖြင့် ပြည်သူများကိုပေးထားသည့် ကတိကဝတ်များ ဖျက်ခဲ့သည်ဆိုသည်မှာ တစ်ခါမျှ မရှိခဲ့ပါကြောင်း၊ နောင်လည်းဖျက်မည်မဟုတ်ပါကြောင်း၊ ပြည်သူများကို ထိခိုက်စေသည့်ကိစ္စများ ဖြစ်လာပြီဆိုပါက မိမိတို့အနေဖြင့် ပြတ်ပြတ်သားသား ဥပဒေဘောင်အတွင်းက အရေးယူမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများ၏ အကျိုးအတွက် တာဝန်ထမ်းဆောင်ခွင့်ရသည့် ပုဂ္ဂိုလ်များအားလုံး မိမိတို့၏တာဝန်များကို ဖြောင့်ဖြောင့်မတ်မတ် ပွင့်ပွင့်လင်းလင်း တိတိကျကျ ဆောင်ရွက်ကြပါဟုဆော်သြချင်ပါကြောင်း၊ မိဘဆရာများကလည်း မိမိတို့၏ ကလေးငယ်များကို ကြီးလာသည့်အခါ ကိုယ့်တာဝန်ကို မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်း တိတိကျကျထမ်းဆောင်နိုင်သည့် လူကြီးများဖြစ်စေရန် ဝိုင်းဝန်းပြီးပံ့ပိုးပေးကြပါရန် မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခရိုင်အဆင့် မူလတန်းနှင့် အထက်တန်းအဆင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲများတွင် ပထမရရှိခဲ့ကြသည့် ကျောင်းသားများ၏ သရုပ်ဖော်မိန့်ခွန်းပြောကြားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ခရိုင်အဆင့် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ မူလတန်းအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးလှမော်ဦးတို့က ခရိုင်အဆင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ဒေသခံပြည်သူများအား တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆုရကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဆုရကျောင်းသား ကျောင်းသူများ၏ အနုပညာပြခန်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုသွားပြီးတော့ ကြည့်တယ်ဆိုတာဟာ အဓိကအားဖြင့် ပြည်သူလူထုရဲ့ အခြေအနေကိုသိဖို့ပါပဲ။ ပြည်သူလူထုဟာ ဘယ်လောက်တိုးတက်မှုရှိသလဲ။ ဘယ်လောက်ပြဿနာတွေနဲ့ ရင်ဆိုင်နေရသလဲ။ ဒီပြဿနာတွေကို ရင်ဆိုင်ကျော်လွှားဖို့က ဘာတွေလုပ်သင့်သလဲဆိုတာကို လေ့လာဖို့ ကျွန်မတို့ ခရီးထွက်ခဲ့တာဖြစ်ပါတယ်။

**ပထဝီအနေအထားအရ**

နောက်ပြီး တာဝန်ယူထားတဲ့အစိုးရအနေနဲ့လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအသီးသီးက မိမိတို့ရဲ့ တာဝန်တွေ ကျေရဲ့လားဆိုတာကို လိုက်ပြီးကြည့်ဖို့ဟာ ကျွန်မတို့ရဲ့အကြောင်းတစ်ခုဖြစ်ပါတယ်။ တနင်္သာရီကို မရောက်တာကြာပါပြီ။ ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်က ရောက်တယ်၊ နောက်ပိုင်းမရောက်ဖြစ်တာ သုံးနှစ်လောက်ရှိသွားပါပြီ။ အဲဒီလိုအချိန်အတွင်းမှာ ဘယ်လောက်တိုးတက်မှုရှိသလဲဆိုတာ သိချင်လို့လာတာဖြစ်ပါတယ်။ တစ်နှစ်နဲ့တစ်နှစ် တိုးတက်မှုဆိုတာကတော့ရှိရမယ်။ ကျွန်မသတိပြုမိတာကတော့ တစ်တိုင်းပြည်လုံးရဲ့ တချို့နေရာတွေမှာ ပိုပြီးတော့တိုးတက်တယ်။ တချို့နေရာတွေမှာ တိုးတက်မှုကနှောင့်နှေးတယ်။ တိုးတက်မှုအရှိန်က တစ်နေရာနဲ့တစ်နေရာ မတူတာကတော့ အကြောင်းကြောင်းကြောင့် ဖြစ်နိုင်ပါတယ်။

တချို့နေရာတွေက ပထဝီအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဖို့ ခက်ခဲတဲ့နေရာတွေလည်း ရှိပါတယ်။ တချို့ကျတော့ လုပ်ဖို့၊ ကိုင်ဖို့ မပီပြင်လို့ ဖြစ်ပါတယ်။

**စာမျက်နှာ ၄ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ မူလတန်းအဆင့်တွင် ပထမဆုရရှိသည့် မောင်ဖြိုးပြည့်ကိုကိုအား ဆုပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ-သက်အောင်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❐ စာမျက်နှာ ၃ မှ

ဒါတွေဟာ ဘယ်ဘက်ကနေပြီး အားနည်းချက်ရှိသလဲဆိုတာကို ကျွန်မတို့က လေ့လာသုံးသပ်ပြီးတော့ အတတ်နိုင်ဆုံး ဒီအားနည်းချက်တွေကို ဖယ်ရှားဖို့ အစိုးရကနေပြီးတော့ တာဝန်အရလုပ်သွားမှာဖြစ်ပါတယ်။

**စဉ်းစားစရာဖြစ်**

ကျွန်မ ဒီမလာခင်မှာ အထက(၇)ကို ရောက်ခဲ့ပါတယ်။ အဲဒီက ကလေးတွေက ဒီနေ့ ဖေဖေရဲ့(၁၀၄)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အနေနဲ့ လုပ်တဲ့ပြိုင်ပွဲတွေမှာ ဖေဖေမိန့်ခွန်းပြောတာတွေကို သရုပ်ဆောင်ပြကြပါတယ်။ ကလေးတွေက တော်လွန်းလို့ အဲဒီလိုလုပ်မယ်မှန်းသိရင် ကျွန်မကိုယ်တိုင် မိန့်ခွန်းပြောဖို့မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက ဖေဖေပြောခဲ့တဲ့ မိန့်ခွန်းတွေက အခုထိမှန်နေတာပဲ။ အခုထိမှန်နေတယ်ဆိုတာ ဒါကို ကျွန်မတို့စဉ်းစားစရာ အများကြီးဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင်ကာလတုန်းက ကျွန်မတို့နိုင်ငံရဲ့အခြေအနေနဲ့ အခုလွတ်လပ်ရေးရပြီးလို့ (၇၁) နှစ်ပြည့်သွားပြီ။ အဲဒါတောင်မှ ကျွန်မတို့ အရင်အခြေအနေကနေ ပြောင်းလဲမှုဟာ မရှိသေးဘူးလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။

တချို့နေရာတွေမှာတော့ တိုးတက်မှုကို သိသိသာသာ တွေ့မြင်ခဲ့ရပါတယ်။ အားလည်းတက်ပါတယ်။ အဓိကအားဖြင့် ကျွန်မအားတက်တဲ့ တိုးတက်မှုတစ်ခုက ကျွန်မတို့ရဲ့ ကလေးသူငယ်များရဲ့ စိတ်ဓာတ်ဟာ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာကို တော်တော်ပြောင်းလဲတာကို တွေ့ရပါတယ်။ အဲဒါကလည်း တစ်နည်းအားဖြင့် ပညာရေးစနစ်ရဲ့ မူတွေပြောင်းလဲသွားလို့လည်း ဖြစ်နိုင်ပါတယ်။ ပြည်သူလူထုတွေကိုယ်တိုင်က စိတ်ဓာတ်တွေပြောင်းလဲသွားလို့ ဖြစ်နိုင်ပါတယ်။ မှန်ကန်တဲ့ဘက်ကို ပြောင်းလဲသွားတဲ့ စိတ်ဓာတ်တွေကို ထိန်းသိမ်းထားပြီးတော့ ဆက်လက်ပြောင်းလဲဖို့လည်း ကျွန်မတိုက်တွန်းချင်ပါတယ်။

**အင်မတန်မှအရေးကြီး**

တကယ်အောင်မြင်ချင်တယ်ဆိုရင် စည်းကမ်းရှိရမယ်၊ အလုပ်လုပ်ရမယ် ဒါက အဓိကပဲ။ ကျွန်မတို့ ပြောကြတဲ့ဘဝမှာ အောင်မြင်ဖို့ဆိုရင် ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်ရမယ်။ ကံဆိုတာက ပြုလုပ်ခြင်းပါပဲ။ တချို့တွေက ကံဆိုတာ အတိတ်ကံကိုပဲ စိတ်ကရောက်သွားပါတယ်။ ဒါပေမယ့် ကံဆိုတဲ့ အနက်အဓိပ္ပာယ်က ပြုလုပ်ခြင်းပဲ။ ကိုယ်လုပ်သလိုကိုယ်ဖြစ်မယ်၊ ကံကံ၏အကျိုးဆိုတာ ဒါကိုပဲပြောတာပါ။ လုပ်တဲ့အတိုင်းပဲ ဖြစ်လာလိမ့်မယ်။ ကိုယ့်လုပ်ရပ်တွေရဲ့ အကျိုးဆက်တွေကို မမြင်ပေမယ့်လည်း နောင်တစ်ချိန်တစ်ခါမှ လိုက်လာမှာပဲဆိုတဲ့ အဓိပ္ပာယ်ပါ။

ကျွန်မ မကြာခဏပြောတဲ့ ဒီလောကကြီးမှာ အလကားရတယ်ဆိုတာ ဘာမှမရှိဘူး။ ကိုယ်ပေးရင်ပေးသမျှပြန်ရတာပဲရှိတယ်။ စေတနာပေးရင် စေတနာပြန်ရမယ်။ မေတ္တာပေးရင် မေတ္တာပြန်ရမယ်။ လောဘပေးရင် လောဘပြန်ရမယ်။ ဒေါသပေးရင် ဒေါသပြန်ရမယ်။ ကိုယ်ပေးသလောက်ပဲ ကိုယ်ပြန်ရမယ်။ ဘာမှတော့ အလကားမရပါဘူး။ ကျွန်မတို့ နိုင်ငံတိုးတက်ဖို့ဆိုရင် အားလုံးကနေ ဝိုင်းဝန်းပြီးတော့ ကြိုးစားဖို့၊ စည်းကမ်းရှိရှိနဲ့လုပ်ဖို့က အင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မက ကျောင်းတွေကို အထူးအလေးပေးထားပြီး သွားပြီးကြည့်တာဟာ ကျွန်မတို့ရဲ့ ကလေးသူငယ်များ မှန်ကန်တဲ့လမ်းပေါ်မှာ လျှောက်နေရဲ့လား။ တိုးတက်မှုတွေရှိရဲ့လားဆိုတာ သိချင်လို့ပါ။

**အစကောင်းမှ အနှောင်းသေချာ**

ဒီနေ့ ကျောင်းမှာ ဆုပေးပွဲဆိုတော့ ကလေးတွေနဲ့ တွေ့ခွင့်မရခဲ့ပါဘူး။ ဒါပေမယ့် တခြားပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေရောက်တဲ့အခါမှာ ကလေးတွေနဲ့ တွေ့တဲ့အခါ ကျွန်မသဘောအကျဆုံးကိစ္စတစ်ခုက ကလေးတွေက မကြောက်တဲ့စိတ်၊ မေးတာ၊ ဖြေတာမကြောက်ကြဘူး။ ရှက်တာလေးတော့ရှိပါတယ်။ ဒါကတော့ သဘာဝကျပါတယ်။ တစိမ်းတွေနဲ့ ကိုယ်မသိတဲ့သူတွေနဲ့ ပထမဦးဆုံးအကြိမ် တွေ့တယ်ဆိုရင် ရှက်တာတွေရှိပါတယ်။ ဒါပေမယ့် ကလေးတွေက မကြောက်ဘူး။ ရဲရဲတင်းတင်းနဲ့ မေးတာကို ဖြေနိုင်တယ်။ သူတို့တတ်တာလေးတွေကို သူတို့က ထုတ်ပြချင်တယ်။ ပွင့်ပွင့်လင်းလင်းရှိတယ်။ ကျွန်မတို့ ဒီတစ်ခုနဲ့ပဲ လမ်းမှန်ပေါ်ရောက်ပြီ၊ ဆက်ပြီး လမ်းမှန်ပေါ်နေဖို့ လိုတယ်ဆိုတာ ပြောချင်ပါတယ်။ အစကောင်းမှ အနှောင်းသေချာတယ်ဆိုသလို ကလေးတွေက အစတော့ကောင်းသွားပြီ၊ ကလေးတွေက မကြောက်ဘူး၊ ကျောင်းလာရတာလည်း ပျော်ပုံရကြတယ်။ ကျောင်းလာရတာပျော်ရဲ့လားလို့ ကျွန်မမေးတော့ ပျော်ပါတယ်တဲ့။ ကလေးတွေက ဆရာမရှေ့မှာမို့ ပျော်တယ်လို့ဖြေတာ မဟုတ်ဘူးလို့ ကျွန်မထင်ရတဲ့အကြောင်းက သူတို့မျက်နှာတွေက ပွင့်ပွင့်လင်းလင်း ရွှင်ရွှင်လန်းလန်းရှိတယ်။ ကလေးတွေက စာသင်နေရုံတင်မကဘူး ကစားနည်းနဲ့ စာသင်တယ်။ ကစားနည်းနဲ့စာသင်တဲ့ အခုကျွန်မတို့ ချမှတ်ထားတဲ့မူဝါဒတွေဟာ စပြီးအကောင်အထည်ပေါ်နေပြီဆိုတော့ ကျွန်မအနေနဲ့ အင်မတန်မှဝမ်းသာပါတယ်။

**အခွင့်အရေးတွေရှိသလို တာဝန်တွေရှိ**

ကျွန်မတို့နိုင်ငံ သွားဖို့ခရီးက အင်မတန်ဝေးပါသေးတယ်။ ဖေဖေ့မိန့်ခွန်းထဲမှာဆိုရင် နောက်အနှစ်နှစ်ဆယ်ကြာဦးမယ်။ အခမဲ့မူလတန်းပညာသင်ရေး ဒီနိုင်ငံမှာရှိဖို့ဆိုတာ နောက်အနှစ် နှစ်ဆယ်လောက်ကြိုးစားရမယ်ဆိုတာ ဘာလို့ ဒီလိုပြောသွားလဲဆိုရင် အလုပ်တစ်ခုကိုလုပ်ဖို့ဆိုတာ အဘက်ဘက်ကတွက်ရတယ်၊ အလွယ်တွက်လို့မရဘူး။ သိပ်ပြီးတော့ အကောင်းမြင်ဝါဒနဲ့ဆိုရင်လည်း မအောင်မြင်နိုင်ဘူး၊ အဆိုးမြင်ဝါဒများရင်လည်း မအောင်မြင်နိုင်ဘူး။ အကောင်းမြင်ဝါဒများရင် ဖေဖေပြောသလို လွတ်လပ်ရေးရရင် ပဒေသာပင်ကြီး ပေါက်တယ်လို့ တချို့ကထင်ကြတယ်။ အဲဒါ မဟုတ်ဘူး။ ကိုယ်ကြိုးစားမှ၊ လုပ်မှ၊ စည်းကမ်းရှိမှ၊ ရုန်းကန်မှ ဒါတောင် အဲဒီထဲကနေပြီး အချိန်ကလည်းယူသင့်သလောက်ယူရသေးတယ်ဆိုတာ ပြောသွားတာပါ။

ကျွန်မတို့ ဒီမိုကရေစီပြောင်းလဲရေးဆိုတာလည်း ဒီလိုပါပဲ၊ ဒီမိုကရေစီရရချင်း ပဒေသာပင်ပေါက်လာမယ်လို့ ထင်ခဲ့တဲ့သူတွေ အများကြီးရှိပါတယ်။ ထပ်တလဲလဲပြောပါတယ်၊ ဒီလိုမဟုတ်ဘူး။ ဒီမိုကရေစီဆိုတာ ကိုယ့်ဟာကိုယ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆုရကျောင်းသား ကျောင်းသူများ၏ အနုပညာပြခန်းများကို ကြည့်ရှုအားပေးစဉ်။ ခတ်ပုံ-သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

လွတ်လွတ်လပ်လပ် ကိုယ့်နိုင်ငံအကျိုးအတွက်၊ ကိုယ့်အကျိုးအတွက် ဥပဒေဘောင်အတွင်းက လုပ်ပိုင်ခွင့်ပေးတဲ့စနစ်ဆိုပြီး ပြတ်ပြတ်သားသား ပြောသွားပါတယ်။ ဒီမိုကရေစီရဲ့ အခွင့်အရေးတွေရှိသလို တာဝန်တွေရှိပါတယ်။ အခွင့်အရေးဆိုရင် ဥပမာ- ကိုယ်ကြိုက်တဲ့အစိုးရကို ကိုယ်ရွေးချယ်နိုင်တယ်၊ ဘယ်သူ့ကိုမှ မတရားမလုပ်ရင်၊ ကိုယ့်ကိုဘယ်သူမှ မတရားမလုပ်နိုင်ဘူး။ လုံခြုံရေးက အခြေခံအားဖြင့်ပေးရမယ်။ အခြေခံပညာရေး၊ ကျန်းမာရေးကို ဂရုစိုက်တဲ့အစိုးရမျိုးပေါ်ပေါက်ဖို့ အခွင့်အရေးတွေရှိတယ်။ ဒီမိုကရေစီအရ အခြေခံပညာရေး၊ ကျန်းမာရေး အလကားပေးရမယ်ဆိုတာ ဘယ်မှာမှမပါဘူး။

**အားလုံးကျော်လွှား**

သို့သော်လည်း ပြည်သူလူထုက မဲဆန္ဒပေးတဲ့အခါ သူတို့ရဲ့အကျိုးစီးပွားအတွက် ထမ်းဆောင်မယ့် အဖွဲ့အစည်းကိုပဲပေးမှာပါ။ အဲဒီတော့ ပြည်သူလူထုအကျိုးစီးပွားအတွက် အဓိကကျတဲ့အထဲမှာ ကျန်းမာရေးနဲ့ ပညာရေးပါတယ်။ ဘယ်သွားသွား အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘာအလိုအပ်ဆုံးလဲမေးရင် ဒီအချက်တွေက တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်ဆိုပြီး ကျလာတာပဲ။ ပထမဦးဆုံးက ရေရရှိရေး၊ သောက်သုံးရေရှားပါးတဲ့နေရာမှာ နံပါတ်တစ် ရေရရှိရေးအများပြောတယ်။ ဒါကလည်း လက်တွေ့ကျတယ်။ လမ်းပန်းဆက်သွယ်ရေးရဖို့၊ လျှပ်စစ်မီးရဖို့၊ ပညာရေးကောင်းဖို့၊ ကျန်းမာရေးကောင်းဖို့ နောက်ပိုင်း သိမ်းဆည်းထားတဲ့လယ်ယာမြေ ပြန်လည်ပေးဖို့အတွက်လည်း ပြောလာပါတယ်။ နောက်ဆုံးကနေ ပြောမယ်ဆိုရင် ဒီကိစ္စကိုလည်း ပြည်သူတွေသိချင်မှာဆိုတော့ ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းခဲ့တဲ့လယ်ယာမြေတွေ ပြန်ပေးရေးဆိုပြီး လွှတ်တော်ကနေ ဆုံးဖြတ်ချက်ချ အတည်ပြုခဲ့ပါတယ်။ အဲဒီအတိုင်းပဲ ဆောင်ရွက်နေပါတယ်။ တစ်ခါတလေ ပြဿနာတက်တာက ပိုင်ရှင်ဘယ်သူဆိုတာ မရှင်းရင် ပိုင်ရှင်များအကြား၊ ပိုင်ရှင်ဖြစ်နိုင်ခြေရှိတဲ့သူများအကြား ဥပဒေအရ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်နေရင် ကြာတတ်တယ်။ တစ်ခါတလေ သိမ်းထားတဲ့သူတွေက ပြန်မပေးချင်တော့ အမျိုးမျိုးဆင်ခြေတွေတက်လို့ ကြာသွားတာလည်းပါတတ်တယ်။ အဲဒါတွေကို အားလုံးကျော်လွှားဖို့ ကျွန်မတို့အနေနဲ့ အဓိကအားစိုက်ပြီး လုပ်နေပါတယ်။ ဒီဟာတွေကို တာဝန်ယူထားတာက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖြစ်ပါတယ်။

**မြန်မြန်ဖြစ်စေချင်**

တဖြည်းတဖြည်း လယ်ယာတွေပြန်ပေးနိုင်တဲ့ အခြေအနေရောက်ပါပြီ။ ပြည်သူလူထုက မြန်မြန်ဖြစ်စေချင်သလို၊ ကျွန်မတို့ကလည်း ပိုပြီးတော့ မြန်မြန်ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ရဲ့ အစိုးရသက်တမ်းနှစ်နှစ်ကျော်ကာလ သုံးနှစ် ပြည့်တော့မယ်။ နှစ်လလောက်ဆိုရင် သုံးနှစ်ပြည့်သွားပြီ။ ဒီကာလအတွင်းမှာဆိုရင် ဆယ်စုနှစ်ပေါင်း အကြွေးကျန်တွေကို ဆပ်နေရသလိုဖြစ်ပါတယ်။

ဒါမျိုးဆိုတာကတော့ နေ့ချင်းညချင်းတော့ မပြီးနိုင်ပါဘူး။ ဒါပေမယ့် တတ်နိုင်သမျှ အမြန်ဆုံးပြီးအောင် ကျွန်မတို့ကြိုးစားနေပါတယ်။ ကျွန်မတို့ ပြည်သူလူထုကို ပေးခဲ့တဲ့ ကတိကဝတ်တွေရှိပါတယ်။ အဲဒီပြည်သူလူထုကို ပေးခဲ့တဲ့ ကတိကဝတ်တွေဟာ အဖွဲ့ချုပ်စတင်ထူထောင်စဉ်ကတည်းက ပေးခဲ့တဲ့ကတိကဝတ်တွေပါ။ ဒါတွေကို ပြည်သူတွေက မေ့လား မမေ့လားမသိဘူး။ ကျွန်မတို့ကတော့

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

ဘယ်တော့မှ မမေ့ပါဘူး။ ပထမဦးဆုံးက အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး ဒီဟာကို ကျွန်မတို့ ဦးတည်ရမယ်။ ဒါပြီးရင် တရားဥပဒေစိုးမိုးရေးကို ဦးတည်ရမယ်လို့ ကျွန်မတို့ပြောပါတယ်။ နောက်ပြီး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်ပါတယ်။

**တရားဥပဒေစိုးမိုးရေးရှိဖို့လို**

တချို့တွေက အဲဒါကို မေးခွန်းထုတ်ကြတယ်။ ဘာဖြစ်လို့ တရားဥပဒေစိုးမိုးရေးကို ငြိမ်းချမ်းရေး အရှေ့က နေထားသလဲဆိုတော့ ငြိမ်းချမ်းရေးထိန်းသိမ်းဖို့ဆိုရင် တရားဥပဒေစိုးမိုးရေးလိုပါတယ်။ တရားဥပဒေမရှိတဲ့နေရာ၊ လုံခြုံရေးပျက်ပြားနေတဲ့နေရာမှာ ဘယ်လိုမှ ငြိမ်းချမ်းရေးကို ရေရှည်ထိန်းသိမ်းသွားနိုင်မှာ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တရားဥပဒေစိုးမိုးရေးရှိဖို့က အင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့်မို့ တရားဥပဒေစိုးမိုးရေးကို ကျွန်မတို့ အမြဲတမ်း ထိပ်တန်းတင်ပြီး ပြောခဲ့တာပါ။ အခုလည်း ဒီအတိုင်းပါပဲ ခံယူပါတယ်။ တရားဥပဒေစိုးမိုးရေးမရှိရင် ကျွန်မတို့ရဲ့ တခြားရည်မှန်းချက်တွေဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လူမှုဘဝစီးပွားတိုးတက်ရေးတွေဆိုတာဟာ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ နောက်တစ်ချက် ကျွန်မတို့ ပြည်သူလူထုကို ကတိပေးခဲ့တာကတော့ ကျွန်မတို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတစ်ခု ပေါ်ပေါက်လာရေးအတွက် ပြုပြင်ပြောင်းလဲဖို့ ဦးတည်ပါမယ်ဆိုပြီး ကတိပေးခဲ့တယ်။ အဲဒီအတိုင်းပဲ အများလည်းသိပြီးဖြစ်တဲ့ လွှတ်တော်ထဲမှာ စပြီးတော့ ဒီခြေလှမ်းတွေကို စနေပါတယ်။ ကျွန်မတို့ပြည်သူတွေကို မတည်နိုင်တဲ့ ကတိကိုလည်း လွယ်လွယ်မပေးဘူး။ သေသေချာချာလုပ်နိုင်တယ်ဆိုတဲ့ဟာကျရင် လုပ်မယ်လို့ ကျွန်မတို့ ပြတ်ပြတ်သားသားပြောတယ်။

**ကိုယ့်တာဝန်ကို ကိုယ်ကျေ**

ချက်ချင်းလက်ငင်း လုပ်လို့မရတဲ့ဟာဆိုရင် လုပ်ဖို့ ဦးတည်မယ်၊ လုပ်ဖို့ကြိုးစားမယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဘယ်တော့မှ ကျွန်မတို့ ပြည်သူကို လွယ်လွယ်နဲ့ ကတိမပေးပါဘူး။ ပြည်သူကိုလွယ်လွယ်နဲ့ကတိပေးတယ်ဆိုတာ တကယ်တော့ ပြည်သူကိုမလေးစားရာရောက်ပါတယ်။ လွယ်လွယ်နဲ့ သူတို့ကြားချင်တာ ပြောလိုက်မယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ အဲဒါဟာ မလေးစားရာရောက်တယ်၊ တန်ဖိုးမထားရာရောက်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မလေးစား၊ တန်ဖိုးမထားရာရောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပေးတဲ့ကတိဆိုတာ တည်ရမယ်။ မတည်နိုင်ရင် ဒီကတိကိုမပေးရဘူး။ ကျွန်မတို့ဒီမူတွေအပေါ်မှာ အခြေခံပြီးတော့ ပြည်သူလူထုနဲ့ဆက်ဆံခဲ့ပါတယ်။ ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့ လိပ်ပြာလည်းသန့်ပါတယ်။ ဘယ်တုန်းကမှ ပြည်သူလူထုကို လှည့်ဖြားခဲ့တာမရှိဘူး။ ပြည်သူလူထုနစ်နာမယ့်ကိစ္စတွေကို ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး။ ခံစရာရှိရင် ကျွန်မတို့ခံမယ်။ လုပ်စရာရှိတာ လုပ်ရမယ့်ဟာကို ကျွန်မတို့လုပ်မယ်။ ဒါပေမယ့် ပြည်သူလူထုကလည်း ကိုယ့်တာဝန်ကို ကိုယ်ကျေရမယ်ဆိုတာ အခေါက်ခေါက် အခါခါပြောပါတယ်။

ဖေဖေပြောသလို လွတ်လပ်ရေးရတာနဲ့ ပဒေသာပင်ကြီးပေါက်လာမှာ မဟုတ်ပါဘူးဆိုသလို ဒီမိုကရေစီရတာနဲ့ပဲ အခွင့်အရေးတွေအားလုံးဟာ အလိုလိုဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီအခွင့်အရေးတွေကို ဆက်ပြီးတော့ ထိန်းသိမ်းနိုင်ဖို့အတွက် ကိုယ်ကလည်း ကိုယ့်တာဝန်ကိုယ်ကျေဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူလူထုကို ကျွန်မက ခဏခဏသတိပေးပါတယ်။ အခွင့်အရေးလိုချင်ရင် တာဝန်ကျေရမယ်။ ကိုယ့်တာဝန်ဘာမှန်းမသိရင် အခွင့်အရေးတောင်းနေတာဟာ ဒါဟာမဆီလျော်ဘူး။ အဲဒီတော့ ကိုယ့်တာဝန်မကျေရင် ကိုယ့်အခွင့်အရေးတွေလည်း ကိုယ်ရနိုင်မှာ မဟုတ်ပါဘူး။

အခု တစ်တိုင်းပြည်လုံးက ရောက်နိုင်တဲ့နေရာကို သွားတဲ့အခါ ပြည်သူလူထုနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ပါတယ်။ ပြည်သူလူထုနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်တဲ့အခါမှာ အများအားဖြင့်တော့ ညွှန်ကြားချက်ပေးမယ်၊ ဩဝါဒစကားပြောမယ်ဆိုပြီး အစီအစဉ်ထဲမှာထည့်ပါတယ်။ တကယ်တော့ အဓိကအားဖြင့် ညွှန်ကြားချက်ပေးဖို့လည်း မဟုတ်ပါဘူး။ ဩဝါဒပေးဖို့လည်းမဟုတ်ပါဘူး။ ကျွန်မတို့ ပါတီရဲ့ အစိုးရအဖွဲ့အနေနဲ့ ဘယ်လိုရပ်တည်ချက်တွေရှိလဲ၊ ဘာတွေလုပ်နေလဲဆိုတာကို ပြည်သူလူထုကို အသိပေးဖို့ပဲ။ ပြည်သူလူထုရဲ့အသံကို ပြန်ပြီးနားထောင်ဖို့ပဲ။ အသံကို နားထောင်တယ်ဆိုတာ ပြည်သူလူထုရဲ့စိုးရိမ်ပူပန်မှုတွေက ဘယ်လိုရှိတယ်၊ မျှော်လင့်ချက်တွေက ဘယ်လိုရှိတယ်၊ ပြည်သူလူထုကြားထဲမှာ ကြီးထွားနေတဲ့ပြဿနာတွေကို ဘယ်လို အမြန်ဆုံးဖြေရှင်းပေးနိုင်မလဲဆိုတဲ့ နည်းလမ်းတွေ ရှာဖို့ပဲ ဖြစ်ပါတယ်။

**ပူးပေါင်းဆောင်ရွက်**

ဒီလိုအရပ်ရပ် အရွှာရွှာသွားရင် တစ်နေရာနဲ့ တစ်နေရာ တောင်းတဲ့ကိစ္စတွေက သိပ်ပြီးတော့မကွာခြားပါဘူး။ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ဆက်နွယ်နေတဲ့ ကိစ္စတွေပဲဖြစ်ပါတယ်။ တချို့ကိစ္စတွေက တကယ်တော့ အဖြေတွေကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေက ပေးနိုင်တဲ့ အဖြေတွေပါ။ အဲဒါကြောင့် ကျွန်မသတိပြုမိတာက တချို့နေရာမှာဆိုရင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ ပြည်သူလူထုကြားမှာ ဆက်ဆံတာဟာ နီးကပ်သင့်သလောက် မနီးကပ်ဘူးလို့ မြင်ပါတယ်။ နီးကပ်တယ်ဆိုရင် ဒီလိုအဖြေတွေကို ပြည်သူလူထုက သိပြီးသားဖြစ်ရပါ့မယ်။ ဗဟိုကလာမှ မေးရမယ့်မေးခွန်းတွေ မဟုတ်ပါဘူး။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများကနေပြီး အဖြေပေးနိုင်မယ့်ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။ အဲဒါကိုတော့ သတိပြုစေချင်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ သက်ဆိုင်ရာပြည်သူလူထုတွေကြားမှာ ပိုပြီးတော့ နီးနီးကပ်ကပ်ဆက်ဆံရေး၊ ထိတွေ့ရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ရှိလည်းရှိသင့်ပါတယ်”ဟု ပြောကြားပြီး ဒေသခံပြည်သူများတင်ပြထားသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဘဏ္ဍာငွေခွဲဝေပေးနေမှု၊ တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက မြစ်ရေကြီးမှုကာကွယ်ပေးရေး၊ Universal Healthcare Law ပြဋ္ဌာန်းပေးရေး၊ မြေငှားခအခွန်များစည်းကြပ်ပေးရေး၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် ပင်လယ်ပြင်ကျွန်းများတွင် သန့်စင်ခန်းများ ဆောင်ရွက်ခွင့်ပြုရေး၊ ငါးလေလံဈေး အမြန်ဆောင်ရွက်ပေးနိုင်ရေး၊ မောတောင် နယ်စပ်ဂိတ်ဖွင့်လှစ်ပေးနိုင်ရေး၊ တိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ဆောင်ပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရေး၊ တိုင်းရင်းသားဘာသာစကား သင်ကြားပေးနိုင်ရေး၊ မောတောင်နှင့် ထိုင်းနိုင်ငံဘက်ခြမ်း မြို့နယ်အဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အမြဲတမ်းဖွဲ့စည်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေးရေး၊ ဒီရေတောများအား စနစ်တကျထားရှိပေးရေး၊ မြိတ်နည်းပညာတက္ကသိုလ် မြေယာကိစ္စများ အမြန်ဖြေရှင်းပေးရေး၊ ပင်လယ်ပြင်ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေး ဖြေလျှော့ပေးနိုင်ရေး လိုအပ်သည့် ကိစ္စများ၊ ဆရာ ဆရာမလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ မြေယာအမှုကိစ္စကြောင့် တရားစွဲဆိုခံရသည့်အခြေအနေ ကူညီဖြေရှင်းပေးရေးစသည့် ကိစ္စရပ်များကိုတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ချက်ချင်းဆောင်ရွက်ပေးမည့် အစီအမံများ၊ အချိန်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

**မှတ်တမ်းတင်ထား**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုတွေ့ဆုံပွဲမှ ပြည်သူများ၏ တင်ပြချက်များကို အလေးထားသွားမည်ဖြစ်ကြောင်း၊ တချို့ပြဿနာများကို မဖြေရှင်းပေးနိုင်သော်လည်း မဖြေရှင်းပေးနိုင်သည့် အကြောင်းရင်းကို ပြန်ကြားပေးသွားမည် ဖြစ်ကြောင်း၊ ယင်းကိစ္စကို အခြားအဖြေရှာပေးသွားမည်ဖြစ်ကြောင်း၊ ဖြေရှင်းပေးနိုင်သည်များကို အမြန်ဆုံး ဖြေရှင်းပေးသွားမည် ဖြစ်ကြောင်း၊ လောကတွင်ပြဿနာအားလုံးအတွက် အဖြေတစ်ခုတည်းရှိသည် မဟုတ်ပါကြောင်း၊ အဖြေတစ်ခု မရလျှင် နောက်အဖြေတစ်ခု ရှာကြံ၍ရပါကြောင်း၊ တင်ပြချက်များကို မှတ်တမ်းတင်ထားပါကြောင်း၊ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး ပြည်သူများ၏တင်ပြချက်များကို အလေးအနက်ထား အကောင်အထည်ဖော်သွားပေးမည် ဖြစ်ပါကြောင်း၊ ယခုလိုလာရောက်တင်ပြကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူထုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူလူငယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သဘာဝငှက်အိမ်သို့ ရောက်ရှိပြီး ငှက်သိုက်ထုတ်လုပ်နိုင်ရန် ဇီဝဇိုးငှက်များမွေးမြူထားမှုကို ကြည့်ရှုသည်။

**သတင်းစဉ်**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူ လူငယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**
ဓာတ်ပုံ-သက်အောင်





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သဘာဝငှက်အိမ်၌ ဇီဝဇိုးငှက်များ မွေးမြူထားမှုကို ကြည့်ရှုစဉ်။**

**ဖေဖေပြောသလို လွတ်လပ်ရေးရတာနဲ့ ပဒေသာပင်ကြီး ပေါက်လာမှာ မဟုတ်ပါဘူးဆိုသလို ဒီမိုကရေစီရတာနဲ့ပဲ အခွင့်အရေးတွေအားလုံးဟာ အလိုလိုဖြစ်လာမှာ မဟုတ်ပါဘူး**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့တက်ရောက်၍ ပန္နက်တော်တင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦ ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ပန္နက်တော်တင်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ဇနီး ဒေါ်ရင်မေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၏ဇနီး ဒေါ်အေးသီတာ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သတ်မှတ်ပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကို ကိုးချက်စိုက်ထူ၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းတို့သည် သတ်မှတ်ပန္နက်တော်ဌာနများတွင် ရတနာပန္နက်တော်ကို ကိုးချက်စီ စိုက်ထူ၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန (နေပြည်တော်)အဆောက်အဦ ရတနာပန္နက်တော်တင်အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

အဆိုပါ ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အဦကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ဆောက်လုပ်သွားမည်ဖြစ်ပြီး ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်
ရတနာပန္နက်တော် စိုက်ထူပေးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်နှင့် ပန္နက်တော်တင်အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# ရင်ခွင်မဲ့ကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်အတွက် ကလေးပြုစုရေးဌာနတစ်ခု နေပြည်တော်တွင် တည်ဆောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ရင်ခွင်မဲ့ကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်အတွက် ကလေးပြုစုရေးဌာနတစ်ခုကို နေပြည်တော်တွင် တည်ဆောက်တော့မည်ဖြစ်ရာ အဆိုပါ ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်၍ ပန္နက်တော်တင်ပေးခဲ့သည်။

ကလေးပြုစုရေးဌာန(နေပြည်တော်) အဆောက်အဦကို ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)က အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကလေးပြုစုရေးဌာန (နေပြည်တော်)ဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ရင်ခွင်မဲ့ကလေးတွေအတွက် ဖြစ်ပါတယ်။ လက်ရှိမှာတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ကလေးပြုစုရေးဌာန ခုနစ်ခုရှိပါတယ်။ ရင်ခွင်မဲ့ကလေးတွေ စောင့်ရှောက်ဖို့ အဲဒီ ခုနစ်ခုနဲ့ မလုံလောက်တော့လို့ ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရန် ကလေးပြုစုရေးဌာန (နေပြည်တော်) အဆောက်အဦ ဆောက်လုပ်ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကလေးပြုစုရေးဌာနအပြင် single mother တွေအတွက်ပါ အဆောက်အဦတစ်ခု ဆောက်လုပ်ဖို့ စဉ်းစားထားပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနမှာရှိတဲ့ ကလေးပြုစုရေးဌာနတွေနဲ့ ပရဟိတဂေဟာတွေမှာ ကလေးငယ်လေးတွေ အများကြီး ဖြစ်နေပါတယ်။ အားလုံးပါဝင်ဆောင်ရွက်ရင် ဒီကိစ္စတွေ တန့်သွားမယ်လို့ယူဆပါတယ်။ မိသားစုက မစောင့်ရှောက်တော့တဲ့ ကလေးတွေကို ကလေးပြုစုရေးဌာနတွေမှာ အသက် ၁၀ နှစ်အထိ စောင့်ရှောက်ပေးပါတယ်။ မိန်းကလေးဆို အမျိုးသမီးလေးများကျောင်း၊ ယောကျ်ားလေးတွေဆိုရင် လူငယ်သင်တန်းကျောင်းကိုပို့ပြီး စောင့်ရှောက်ပေးပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက ပြောသည်။

ယင်း အဆောက်အဦကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ဆောက်လုပ်သွားမည်ဖြစ်ပြီး မိသားစုက မစောင့်ရှောက်တော့သည့် ကလေးငယ်များကို ခေါ်ယူစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ) ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က "ကလေးပြုစုစောင့်ရှောက်တဲ့နေရာမှာ စနစ်တကျ သေသေချာချာ ပြုစုစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ ကလေးတွေကို စောင့်ရှောက်တဲ့နေရာမှာ ကလေးတွေတင်မဟုတ်ဘဲ မမွေးခင် ကိုယ်ဝန်ကတည်းကစတင်ပြီး စောင့်ရှောက်မှာ ဖြစ်ပါတယ်။ ကလေးရော မိခင်ပါ ကျန်းကျန်းမာမာနဲ့ လူ့အဖွဲ့အစည်းမှာ ဂုဏ်သိက္ခာရှိရှိနဲ့ ရပ်တည်နိုင်အောင် သူတို့ရဲ့စီးပွားရေး၊ ပညာရေး၊ လူမှုရေး စတဲ့ ဖွံ့ဖြိုးမှုတွေအကုန်လုံးကို ဖြေရှင်းပေးမှာဆိုတော့ အသေးစိတ်စောင့်ရှောက်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**ကျော်သူထက်**



ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်



ဒေါက်တာ စန်းစန်းအေး

❍ ကျောဖုံးမှ

ခေတ်အဆက်ဆက်တွင် မည်သည့်နိုင်ငံရေးစနစ် ကျင့်သုံးခဲ့သည်ဖြစ်စေ၊ နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ခိုင်မာအောင်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာ ပျံ့နှံ့ထိရောက်အောင် အစဉ်အဆက် ထမ်းဆောင်ခဲ့ကြပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်၏ အဓိက ကျောရိုး ဒေါက်တိုင်သည် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ထမ်းများအနေဖြင့် မိမိတို့၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်ပြီး မိမိတို့၏ အလုပ်တာဝန်ကို တန်ဖိုးထားဂုဏ်ယူတတ်ကြရန် အထူးပင်အရေးကြီးကြောင်းကို အလေးအနက်ထား ပြောကြားလိုပါကြောင်း။

**လိုက်ပါအကောင်အထည်ဖော်**

ယနေ့မိမိတို့နိုင်ငံတွင် ထွေအုပ်ဆိုပါက လူများ၏အမြင်၊ လူများ၏ ဝေဖန်မှုများ မည်သို့ရှိသည်ကို အားလုံးသိရှိထားကြပြီးဖြစ်ပါကြောင်း၊ ယင်းကို စိတ်ပျက်အားလျော့စရာမလိုပါကြောင်း၊ နိုင်ငံရေးစနစ်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ မူနှင့်အညီ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ကြရခြင်းဖြစ်သည်ကို မိမိတို့နားလည်ထားရန် လိုပါကြောင်း၊ ပြောင်းလဲလာသည့် နိုင်ငံတော်၏ နိုင်ငံရေးစနစ်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၏ မျှော်မှန်းချက်များပြည့်ဝအောင် မိမိတို့ ဝန်ထမ်းများအားလုံး အလုပ်မာနထားရှိကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၈)၏ သဘောတူညီချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းတာဝန်ထမ်းဆောင်စေခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းသို့ရွှေ့ပြောင်းပြီးသည့်နောက်တွင် မိမိတို့ဝန်ထမ်းများ မည်သို့ပြောင်းလဲပြီး လုပ်ကိုင်ကြရမည်ဆိုသည်မှာ အားလုံးသိချင်နေကြသည့် မေးခွန်းတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ လက်ကိုင်ထားရမည့် လမ်းညွှန်ချက်အနေဖြင့် နိုင်ငံတော်သမ္မတက ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း။

**ပြည်သူနှင့်တစ်သားတည်းရပ်တည်**

မိမိတို့ဝန်ထမ်းများအနေဖြင့် တည်ငြိမ်သည့်အုပ်ချုပ်ရေးယန္တရားကို ဆက်လက်ထိန်းသိမ်းပြီး တစ်ချိန်တည်းမှာပင် ပြုပြင်ပြောင်းလဲမှုများကို စဉ်တိုက်ဆက်တိုက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ မိမိတို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာနရွှေ့ပြောင်းလိုက်သည့်နောက် အုပ်ချုပ်ရေးယန္တရား တည်ငြိမ်ရေးကာလအဖြစ် ၂၀၁၉ ခုနှစ် ပထမသုံးလတာကို ရည်မှန်းဆောင်ရွက်နေပါကြောင်း၊ တစ်ချိန်တည်းမှာပင် နောက်လာမည့် သုံးလတာအတွင်း ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်အောင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ အတွေ့အကြုံနှင့် ပြုပြင်ပြောင်းလဲလိုစိတ်ကို အခြေခံပြီး ပညာရှင်များ၏ ဆန်းစစ်လေ့လာသုံးသပ်မှုများနှင့် ဆက်စပ်ကာ လက်တွေ့ကျကျ ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထွေအုပ်ပြုပြင်ပြောင်းလဲရေးတွင် အသွင်သဏ္ဌာန် ပြောင်းလဲရေးနှင့် အနှစ်သာရပြောင်းလဲရေးကို စနစ်တကျ ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

မိမိအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်း အတော်များများနှင့် တွေ့ဆုံပြီး ၎င်းတို့ရင်ထဲက သဘောထားများကို အချိန်ပေးနားထောင်ကာ ဂရုတစိုက် ဆင်ခြင်သုံးသပ်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် လူများ၏ သဘောထားအမြင် ပြောင်းလဲလာစေရန် ပြည်သူနှင့်တစ်သားတည်း ရပ်တည်ဆောင်ရွက်နိုင်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်လာစေရန် မခံချင်စိတ်နှင့် ပြောင်းလဲရန် စိတ်ပိုင်းဖြတ်ထားသည်များ ခိုင်ခိုင်မာမာရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့ဝန်ထမ်းများကို မိမိယုံကြည်မှုအပြည့်အဝရှိပါကြောင်း၊ ခေတ်အဆက်ဆက် အုပ်ချုပ်ရေးစနစ်နှင့် နိုင်ငံရေးစနစ်အမျိုးမျိုးတွင် ထမ်းဆောင်ခဲ့သည့် ထွေအုပ်ဝန်ထမ်းများသည် ပြုပြင်ပြောင်းလဲရန် စိတ်ပိုင်းဖြတ်ပြီးနောက် ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မဖြစ်နိုင်တာမရှိဟု မိမိအခိုင်အမာယုံကြည်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၂၀၁၉ ခုနှစ်ကစပြီး အသွင်သစ်၊ အမြင်သစ်၊ မျှော်မှန်းချက်အသစ်များဖြင့် ပြည်သူများအတွက် အလွယ်တကူ သိမြင်နိုင်သည့် အပြောင်းအလဲများကို ဖန်တီးပေးရန် ပြင်ဆင်နေပြီဆိုသည်ကို မိမိအနေဖြင့် သတင်းစကားပါးလိုပါကြောင်း။

**လူထု၏လေးစားယုံကြည်မှုကိုရယူ**

ယင်းသည် မိမိတို့ထွေအုပ်ဝန်ထမ်းများကို ယုံကြည်မှုအပြည့်ရှိသည့်အတွက် ထိုသတင်းစကားကိုပြောရခြင်းဖြစ်ပါကြောင်း၊ မိမိ၏ယုံကြည်မှုကို အလေးအနက်ခံယူပြီး လူထု၏လေးစားယုံကြည်မှုကိုရယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဝန်ထမ်းများကို အသိပေးလိုသည်မှာ ယခုလထဲမှာပင် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို နေပြည်တော်တွင် ကျင်းပပြုလုပ်သွားရန် စီစဉ်နေပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများ၊ သင်ခန်းစာများ၊ နမူနာယူစရာများကို အခြေခံပြီး အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် အခြေအနေများတွင် မည်သည်တို့ကို ပြုပြင်ကြမည်၊ မည်သည်တို့ကို ပြုပြင်သင့်သည် ဆိုသည်ကို ကိုယ်တိုင်ကိုယ်ကျ စဉ်းစားသုံးသပ်၊ အချင်းချင်း အပြန်အလှန် ဆွေးနွေးကြပြီး အပြောင်းအလဲများ ဖော်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များချမှတ်သွားရန် စီစဉ်ထားပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စတင်ပြီး စဉ်းစားသုံးသပ်သည့် အချိန်မှစ၍ မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲချိန်၊ ပြန်လည်သုံးသပ်ဆန်းစစ်သည့်အချိန်များအထိ လူထုနှင့် အနီးစပ်ဆုံးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ ပြုပြင်ပြောင်းလဲလိုသည့် အတွေးအခေါ်များ၊ အယူအဆများ စိတ်ကူးစိတ်သန်းများပါဝင်နေရန် ဖြစ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မျှော်မှန်းချက်(Vision)၊ ရည်မှန်းချက် (Mission) က ဘာလဲဆိုသည်ကို ပြန်လည်သုံးသပ်ကြမည်ဖြစ်ပါကြောင်း၊ Vision နှင့် လိုက်လျောညီထွေဖြစ်မည့် အုပ်ချုပ်ရေးအာဏာကို လက်ရှိပုံစံမှ မည်သို့ပြောင်းလဲမည်၊ ယင်းမျှော်မှန်းချက်အတိုင်း လိုက်နာကျင့်သုံးရမည့် အခြေခံမူများက ဘာတွေဆိုသည်ကို ဆွေးနွေးကြရန်လည်းရှိပါကြောင်း၊ ချမှတ်မည့် မျှော်မှန်းချက်နှင့် လိုက်လျောညီထွေဖြစ်အောင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုးကားဆောင်ရွက်ရမည့် ဝန်ထမ်းလက်စွဲများ ပြုစုရေးကိစ္စကိုလည်း ဆောင်ရွက်ကြရန်ရှိပါကြောင်း။

**ထည့်သွင်းဆွေးနွေး**

အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို ပြုပြင်ပြောင်းလဲရန်လည်း စဉ်းစားသုံးသပ်ကြရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေးအာဏာ ကျင့်သုံးပုံ၊ လူသားအရင်းအမြစ် စီမံခန့်ခွဲပုံများတွင်လည်း အုပ်ချုပ်ရေးဝန်ထမ်းများ ရွေးချယ်ခန့်ထားရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လေ့ကျင့်သင်ကြားပုံများ ပြုပြင်ပြောင်းလဲရေး စသည့်အချက်များကိုလည်း အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေး သုံးသပ်သွားရန် ရှိပါကြောင်း။

တစ်ဆက်တည်းမှာပင် ယင်းအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီမှ အစိုးရအဖွဲ့အတွင်းရေးမှူးများကို မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အတွင်းက စိတ်ကြိုက်မြို့တစ်မြို့စီရွေးချယ်ပြီး ဦးစားပေးသုံးမြို့ကို ပြန်တင်ပြနိုင်ရန်လည်း စီစဉ်ထားပါကြောင်း၊ ယင်းမှာ "ပြုပြင်ပြောင်းလဲမှုအတွက် ပြည်နယ်တစ်ခု မြို့နယ်တစ်ခု စီမံချက်" One State-One Township Project ဟု ခေါ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသည် မိမိတို့နယ်မြေအတွင်းမှ အလားအလာအကောင်းဆုံး မြို့တစ်မြို့စီရွေးချယ်ပြီး သတ်မှတ်ကာလအတွင်း အောင်မြင်အောင် လုပ်ကြရန်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး မြို့တိုင်းမြို့တိုင်းတွင် တစ်ပြေးညီလုပ်မည်ဆိုပါက ကြွေးကြော်သံသာရှိပြီး လက်တွေ့အကောင်အထည်ဖော်ရန် အခက်အခဲရှိနိုင်သည့်အတွက် တစ်ပြည်နယ်ကို တစ်မြို့နယ်ရှေ့ပြေးအနေဖြင့် လုပ်ကြည့်သွားမည်ဖြစ်ပါကြောင်း၊ ယင်းရှေ့ပြေးစီမံကိန်းများ မြင်သာထင်သာဖြစ်ပေါ်လာပြီးပါက ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်း**

နိဂုံးချုပ်အနေဖြင့် မိမိတို့အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများသည် အစိုးရများ မည်သို့ပင်ပြောင်းပြောင်း၊ နိုင်ငံရေးစနစ်များမည်သို့ပင်ပြောင်းပြောင်း ခိုင်မာသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြုပြင်ပြောင်းလဲမှုများကို စံနမူနာပြ ဆောင်ရွက်ပေးနိုင်ရန်၊ ပြည်သူလူထုကို မျက်နှာမူသည့် အုပ်ချုပ်ရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် အလေးအနက်ထားမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန် မှာကြားသည်။ **သတင်းစဉ်**

# ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)၏ ခုံးကျော်တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးကြပ်တည်ဆောက်မည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ၏ ခုံးကျော်တံတား ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့သာကေတဘက်ကမ်း ရှုခင်းသာမြို့ပတ်လမ်းနှင့် သန်လျင်တံတား ချဉ်းကပ်လမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးကျော်လင်းက တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံမြေ၊ အခြေခံအဆောက်အဦနှင့် ခရီးသွားလာရေးဝန်ကြီးဌာန (MLIT)မှ ဒုတိယဝန်ကြီး Mr. Michio Kikuchi၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး Mr. Ichiro Maruyam နှင့် JICA Myanmar Office မှ ဌာနေကိုယ်စားလှယ် Mr. Masayuki Karasawa တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ပန္နက်တော်တိုင်အမှတ် (၂)(၃)(၄)(၅)(၆) နှင့် (၇)တို့အား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ JICA Myanmar Office မှ ဌာနေကိုယ်စားလှယ်နှင့် ဂျပန်ကန်ထရိုက်တာကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌတို့က ပန္နက်တော်များ ရိုက်သွင်းကြပြီး ပန္နက်တော်တိုင်အမှတ်(၁)ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် ဂျပန်နိုင်ငံ MLIT မှ ဒုတိယဝန်ကြီးတို့က စက်ခလုတ်နှိပ်၍ **(အပေါ်ပုံ)** Stand Pipe အား Vibro



Hammer ဖြင့် ပန္နက်တော်ရိုက်သွင်းကြသည်။

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် - ၃) ကို လေးလမ်းသွားခေတ်မီတံတားအဖြစ် Package 1,2,3 အဖြစ် အဆင့်အလိုက် တည်ဆောက်သွားမည်ဖြစ်ပြီး Package(3)အဖြစ် ရန်ကုန်ဘက်ကမ်းရှိ Flyover Bridge ကိုစတင်ဆောက်ရွက်သွားမည်ဖြစ်သည်။ တံတားကို ဂျပန်နိုင်ငံ ODA Loan ဂျပန်ယန်းဘီလီယံ ၃၀ ဖြင့် ဂျပန်နိုင်ငံ Consultant ကုမ္ပဏီနှင့် ဂျပန် Contractor ကုမ္ပဏီနှစ်ခုတို့က ၃၉ လကြာ တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သန်လျင်မြို့နယ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသော သန်လျင်-သီလဝါ စက်မှုဇုန်သို့ ဆက်သွယ်သည့် လေးလမ်းသွားလမ်းမကြီး၏ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

သန်လျင်-သီလဝါ စက်မှုဇုန်လမ်းသည် ၈ ဒသမ ၇ ကီလိုမီတာအရှည်နှင့် ၁၄ မီတာအကျယ် လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဖြစ် ဂျပန်နိုင်ငံ ODA Loan ဖြင့် ဂျပန်ယန်း ၄၆၁၃ သန်းဖြင့် ဂျပန်နိုင်ငံမှ Consultant Co.,Ltd.၊ Nippon Koei Co.,Ltd. နှင့် ကန်ထရိုက်တာ Tekken Corporation နှင့် Sub-Contractor ဖြစ်သည့် Max Myanmar ကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်ပြီး ယခုနှစ်အတွင်း ၁၀၀ ရာခိုင်နှုန်းအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

❒ (၇၂)နှစ်မြောက်မှ

ဆက်လက်၍ "ပြည်ထောင်စုကြီးငြိမ်းချမ်းပါစေ" တေးသီချင်းဖြင့် တေးသံရှင် ပိုးမီက သီဆို၍ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက စုပေါင်းသရုပ်ဖော် ကပြဖျော်ဖြေကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား တိုင်းရင်းသူ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များက "တို့ချစ်တဲ့ပြည်ထောင်စု"၊ "တို့များသွေးချင်း လော်ဝေါ် လူမျိုး"၊ "လှမ်းလာခဲ့ပါ ကယားမြေ"၊ "ဂေဘား မြေကိုအလည်လာခဲ့ပါ"၊ "ငြိမ်းချမ်းဝေစည်ရှေ့သို့ချီ"၊ "စည်းလုံးညီညာ အောင်ကြောင်းဖြာ"၊ "သီတင်းကျွတ်ရင်န္တဲသပိတ်မျှောပွဲ"၊ "ပွင့်သောပန်းတိုင်း လှစေသည်"၊ "သာယာလှပ မွန်ဒေသ"၊ "ထွန်းကားခဲ့သည့် ဝေသာလီ"၊ "စည်းလုံးခြင်းသမိုင်း"၊ "သီကုံးမဝရှမ်းတောင်တန်းအလှ" တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသား တိုင်းရင်းသူ ရိုးရာယဉ်ကျေးမှု အကအဖွဲ့များက "ပြည်ထောင်စုသည် အောင်မြင်ခြင်း" သီချင်းဖြင့် စုပေါင်းဖျော်ဖြေကြပြီး ဖျော်ဖြေပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖျော်ဖြေပွဲသို့ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

# မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးကို ခုတင် ၁၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွဲ့စည်းပုံသို့ တိုးမြှင့်ရန် ဆောင်ရွက်ပေးမည်


မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်း


ကသာ မဲဆန္ဒနယ်မှ ဦးမြင့်ကြည်


နမ့်ဆန် မဲဆန္ဒနယ်မှ ဦးဝင်းထူး


တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှ


လောင်းလုံး မဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး တင်သွင်းသည့် အားကစားကဏ္ဍကို စီမံကိန်းနှင့်ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေးဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်မှ အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်း၏ **မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်ချက်များနှင့် ခုတင် ၁၅၀၀ ဖွဲ့စည်းပုံ အဆင့်မြှင့်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှာ သင်ကြားရေးဆေးရုံကြီးဖြစ်ခြင်း၊ ပြင်ပလူနာနှင့် အတွင်းလူနာဦးရေများ နှစ်စဉ်တိုးတက်များပြားလျက်ရှိခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လွှဲပြောင်းလာသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ ပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခုတင် ၁၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွဲ့စည်းပုံသို့ တိုးမြှင့်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၏ **ကသာပြည်သူ့ဆေးရုံကြီးသို့ မေ့ဆေးအထူးကုဆရာဝန် ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အထူးကုဆရာဝန် (မေ့ဆေး) တစ်ဦးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်သူ့ဆေးရုံ ကသာမြို့သို့ ခန့်ထားပေးပြီး ဖြစ်ပါကြောင်း၊ အကယ်၍ ၎င်းမေ့ဆေးဆရာဝန်သည် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိကြောင်း ယခင်ကဲ့သို့ဖြစ်လာပါက ၂၀၁၉ ခုနှစ် မတ်လကုန်၌ သင်ကြားရေးဆေးရုံကြီးများမှ လုပ်သက်ရလက်ထောက်ဆရာဝန်(မေ့ဆေး)များအား ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ချထားသည့်အခါတွင် မဖြစ်မနေခန့်ထားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## နမ့်ဆန်မြို့နယ် အားကစားကွင်း ဖောက်လုပ်ရန် ကျန်ရှိသည့် လုပ်ငန်း ၇၅ ရာခိုင်နှုန်းအား ၂၀၁၉-၂၀၂၀ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်

နမ့်ဆန် မဲဆန္ဒနယ်မှ ဦးဝင်းထူး၏ **နမ့်ဆန်မြို့နယ်ရှိ (၂၅ ရာခိုင်နှုန်း) ဖောက်လုပ်ပြီးစီးပြီဖြစ်သော ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားကွင်းအား (၁၀၀ ရာခိုင်နှုန်း)အပြီး လုပ်ဆောင်နိုင်ရန်အတွက် ကျန်ရှိသောဘဏ္ဍာငွေ(၇၅ ရာခိုင်နှုန်း)ဖြစ်သော ငွေကျပ်(၁၀၃၂ ဒသမ ၃၄၀) သန်းအား ယခုနှစ်ဖြည့်စွက်ရန်ပုံငွေမှ စတင်ကာ ခွင့်ပြုရန်ပုံငွေ ပြန်လည်ခွဲဝေချထားပေး၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဝန်ကြီးဌာနသို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနမှ နမ့်ဆန်မြို့နယ် အားကစားကွင်း ဖောက်လုပ်ရန် ကျန်ရှိသည့်လုပ်ငန်း ၇၅ ရာခိုင်နှုန်းအား ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၀၃၂ ဒသမ ၃၄၀ သန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ တင်ပြတောင်းခံမည်ဖြစ်ပါကြောင်း ပေးပို့လာသဖြင့် ၂၀၁၉-၂၀၂၀ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ သံတွဲ မဲဆန္ဒနယ်မှ ဦးမင်းကြည်နှင့် လေရှီး မဲဆန္ဒနယ်မှ ဦးကျော်ငွေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် ၁၆ ချက်နှင့် သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက် ၇ ချက်တို့ကို လွှတ်တော်သို့ တင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ရယူသင့်ကြောင်းကို ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး တင်သွင်းသည့် **နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ကျန်းမာလန်းဆန်းဖြောင့်မတ်သော မျိုးဆက်သစ်များအဖြစ် ကြီးပြင်းလာကြစေရေး၊ လုပ်ငန်းခွင်ရောက် ပြည်သူများ၏ ကာယစိတ္တဖွံ့ဖြိုးတိုးတက်စေရေးနှင့် သက်ကြီးနိုင်ငံသားများ ကျန်းမာနုပျိုစေရေးတို့နှင့်အတူ မူးယစ်ဆေးဝါးနှင့် အခြားမလိုလားအပ်သော အာရုံများမှ ကင်းလွတ်သက်သာစေနိုင်မည့် အားကစားကဏ္ဍကို စီမံကိန်းနှင့် ရန်ပုံငွေများချမှတ်၍ တိုက်တွန်းအားပေး ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှ**က မြန်မာနိုင်ငံအနေဖြင့် မြန်မာ့အားကစားကဏ္ဍအောင်မြင်ရေးအတွက် အာဟာရဓာတ်သည် အလွန်အရေးကြီးပါကြောင်း၊ အစားအသောက်သည် အခြေခံအမျိုးအစား ၆ မျိုးဖြင့် တည်ဆောက်ထားရာ Dietitian ဟုခေါ်သည့် အာဟာရပညာရှင်များနှင့် တိုင်ပင်၍ လိုအပ်သော အာဟာရအမျိုးအစားများကို ဖြည့်ဆည်းပေးနိုင်မှသာ အားကစားသမားများ၏ အမြင့်မားဆုံးသော စွမ်းဆောင်ရည်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားကစားသမားများအတွက် Athlete’s diet ခေါ်သည့် သင့်လျော်သော အစားအသောက်ပုံစံများကို စနစ်တကျအကြံဉာဏ်ပေးနိုင်မည့် ပညာရှင်များ လိုအပ်ပါကြောင်း၊ လက်ရှိတွင် ၎င်းပညာရှင်များ အလွန်ရှားပါးနေသဖြင့် ပညာရှင်များကို မွေးထုတ်နိုင်မည့်နည်းလမ်း၊ မူဝါဒများ ချမှတ်နိုင်ရန် အလွန်အရေးကြီးပါကြောင်း။

အားကစားထူးချွန်ပါက တက္ကသိုလ်များ၏ ဦးစားပေးအစီအစဉ်များတွင် ထည့်သွင်းစဉ်းစားသည့် အခြေအနေတစ်ရပ်ထားရှိပေးပါက အားကစားသမားများအတွက် (Incentive) တွန်းအားမက်လုံးတစ်ခု ဖြစ်လာနိုင်ပါကြောင်းကို အကြံပြုလိုပါကြောင်း၊ ငယ်စဉ်ဘဝကတည်းက အားကစားဘာသာရပ်ကို စနစ်တကျတတ်ကျွမ်းလာပါက ပြည်သူတစ်ဦးတစ်ယောက်အတွက် ကျန်းမာရေးအရလည်းကောင်း၊ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက်လည်းကောင်း အထောက်အကူပြုပြီး ပြည်သူပြည်သားများ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းမှသာ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် ဖြစ်လာမည့်ရောဂါများအတွက် ကုန်ကျမည့် ကျန်းမာရေးဆိုင်ရာ ဘတ်ဂျက်များစွာကိုလည်း ချွေတာနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အဆင့်မှ တစ်နိုင်ငံလုံး အားကစားဖွံ့ဖြိုးရေးအတွက် မူဝါဒတစ်ရပ်ချမှတ်ဆောင်ရွက်ပြီး အဘက်ဘက်မှ ချုံငုံပြည့်စုံသော မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ တစ်ရပ်ဖြစ်ပေါ်လာရေးကို အမြန်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ**က အားကစားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ကို အခြေခံသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာပြီး စွမ်းရည်အပြည့်အဝရှိသည့် ကာယ၊ ဉာဏ ပညာရှင်များနှင့် ဝန်ထမ်းကောင်းများ ထွက်ပေါ်လာမည်ဖြစ်သည့်အပြင် သက်ကြီးနိုင်ငံသားများသည်လည်း ရောဂါဘယကင်းဝေးပြီး သက်တမ်းစေ့နေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် အားကစားကဏ္ဍအတွက် လိုအပ်သည့်ဘဏ္ဍာငွေကို ပိုမိုတိုးမြှင့်သုံးစွဲသင့်ပါကြောင်း၊ ထို့ကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးမိုးကြည်** က မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်၍ ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရန်နှင့် နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးပြည့်သူများဖြစ်လာရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထိရောက်သည့် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေကို တွက်ချက်တင်ပြတောင်းခံသည့်နေရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးကော်မရှင်နှင့် ပြည်သူ့လွှတ်တော်ကလည်း ဖြတ်တောက်ခြင်းမရှိ သင့်လျော်သလို စိစစ်ခွင့်ပြုပေးပါရန် အလေးအနက်တိုက်တွန်းရင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းဝင်း၊ ဥတ္တရသီရိ မဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းနှင့် ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေတို့က ဆွေးနွေးကြသည်။

## အားကစားနည်းပညာသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်နှင့် အညီ လိုအပ်သည်တို့ကို ဆောင်ရွက်ရမည်ဖြစ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အားကစားနည်းပညာသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်နှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ ပေါ်လစီများ၊ နိုင်ငံတော်၏ လိုအပ်သော ဘတ်ဂျက်များနှင့် နည်းပြဆရာများ စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Human Capacity Building ကို ဦးစားပေးတည်ဆောက်ရန် လိုအပ်ပါကြောင်း၊ နောက်ပိုင်းတွင် Human Capacity Building တည်ဆောက်ရန် အားနည်းလာသည့်အတွက် အရည်အသွေးရှိနည်းပြဆရာများရရှိရန် များစွာခက်ခဲလာပါကြောင်း။

ကျောင်းနေသူနှင့် ကျောင်းပြင်ပလူငယ်များ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးဖွားပြီးသည့် မိခင်များ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးစွဲ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၊ လုပ်ငန်းခွင်ရှိပြည်သူများ၊ တိုက်ပွဲရှောင်များ စသည်ဖြင့် အုပ်စုများစွာရှိရာတွင် ၎င်းတို့အတွက် လိုက်လျောညီထွေမှုရှိသော အားကစားများနှင့် ပြည်သူများအလွယ်တကူသွားရောက်လေ့ကျင့်နိုင်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနေရာများ စီစဉ်ပေးခြင်းဖြင့် ကျန်းမာနုပျို၍ ကာယစိတ်ဓာတ်ဖွံ့ဖြိုးသည့် လူငယ်လူရွယ်များ တိုင်းပြည်အတွက် ရရှိလာမည်ဟု မျှော်လင့်မိပါကြောင်းနှင့် အဆိုအား အတည်ပြုသင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဖလမ်းမြို့၌ မြေပြိုမှုကြောင့် ဖြိုဖျက်ခဲ့ရသည့် နေအိမ်လေးလုံးအတွက် တန်ဖိုးနည်းအိမ်ရာ လေးလုံး ဆောက်လုပ်ပေးသွားမည်



ဒုတိယဝန်ကြီး ဦးစိုးအောင်



နေပြည်တော်ကောင်စီဝင် ဦးညီထွန်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် မင်းဘူးမြို့အနေဖြင့် စုစုပေါင်းငွေ ၃၄၇ ဒသမ ၇၃ သန်း လျာထား ဆောင်ရွက်ထားရှိ

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ကို ခရိုင်မြို့အဆင့်နှင့်ညီသော၊ စကုမြို့နှင့် ပွင့်ဖြူမြို့တို့ကို မြို့အဆင့်နှင့်ညီသော အရည်အသွေးမီသည့် မြို့တွင်းလမ်း၊ ပလက်ဖောင်း၊ ရေမြောင်း၊ လမ်းမီးတိုင်များနှင့် လမ်းမီးများပြည့်စုံစွာ တိုးချဲ့ပြုပြင်ခြင်းတို့ကို မည်သည့်ပုံစံဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် မင်းဘူးမြို့အနေဖြင့် မြို့တွင်း (၇) လမ်းအတွက် ငွေကျပ်(၁၁၈ ဒသမ ၀)သန်း၊ တံတားလုပ်ငန်း(၃)ခုအတွက် ငွေကျပ်(၇ ဒသမ ၈၅)သန်း၊ ရေမြောင်း (၃၄၇၀)ပေအတွက် (၉၀ ဒသမ ၀)သန်း၊ ရေပေးရေးလုပ်ငန်း (၁၁)ခုအတွက် ငွေကျပ် (၃၀ ဒသမ ၇၅)သန်း၊ အဆောက်အဦ (၂)ခု ပြင်ဆင်ခြင်းအတွက် (၇ ဒသမ ၆၀)သန်း၊ စက်ကိရိယာပြုပြင်ခြင်းအတွက် (၃ ဒသမ ၀)သန်း၊ အခြားလုပ်ငန်း (၄)ခုအတွက် ငွေကျပ် (၁၀ ဒသမ ၃၀)သန်း၊ မြို့ပြသာယာလှပရေးအတွက် (၈၀ ဒသမ ၂၃)သန်း စုစုပေါင်းငွေ (၃၄၇ ဒသမ ၇၃)သန်း လျာထားဆောင်ရွက်ထားရှိပါကြောင်း။

စကုမြို့အနေဖြင့် မြို့တွင်း(၄)လမ်းအတွက် ငွေကျပ် (၃၉ ဒသမ ၇၈)သန်း၊ တံတားလုပ်ငန်း(၃)ခုအတွက် ငွေကျပ် (၅ ဒသမ ၇၂)သန်း၊ ရေမြောင်းလုပ်ငန်း ပေ ၂၀၀၀ အတွက် ငွေကျပ် (၄၀ ဒသမ ၀)သန်း၊ အခြားလုပ်ငန်း (၁)ခုအတွက် ငွေကျပ် (၂ )သန်း၊ မြို့ပြသာယာလှပရေးအတွက် ငွေကျပ် (၀ ဒသမ ၇)သန်း စုစုပေါင်းငွေကျပ် (၈၈ ဒသမ ၂)သန်းကို လျာထားဆောင်ရွက်ထားရှိပါကြောင်း၊ ပွင့်ဖြူမြို့အား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ မြို့တွင်းကတ္တရာလမ်း၊ ရေမြောင်း၊ ပလက်ဖောင်းနှင့် မြို့ပြမီးထွန်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မင်းဘူးခရိုင် မင်းဘူးမြို့ကို ခရိုင်မြို့အဆင့်နှင့်ညီသော၊ စကုမြို့နှင့် ပွင့်ဖြူမြို့တို့ကို မြို့အဆင့်နှင့်ညီသော မြို့ဖြစ်စေရန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာရေးကော်မတီဝင်များသာမက ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါ ပါဝင်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ် ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုကြောင့် ပျက်စီးသွားသည့် နေအိမ်ငါးလုံး ပြန်လည်တည်ဆောက်နိုင်ရေး ကူညီထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အဆိုပါမိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားရာ၌ အန္တရာယ်ရှိသည့်လူနေအိမ်(၆)လုံးအနက် နေအိမ်(၄)လုံးသည် ဖြိုဖျက်ခဲ့ရပြီး (၂)လုံးသည် မြေပြိုသည့်နေရာနှင့် ကင်းလွတ်သဖြင့် လူနေအိမ်ဖြိုဖျက်ရန်မလိုအပ်ဘဲ မူလနေရာ၌ ဆက်လက်နေထိုင်လျက်ရှိပါကြောင်း၊ ဖြိုဖျက်ခဲ့ရသည့် နေအိမ် (၄)လုံးသည် မူလနေရာတွင်နေအိမ်ပြန်လည်ဆောက်လုပ် ရန် မြေနေရာခိုင်ခံ့မှုမရှိသည့်အတွက် အစားထိုးအိမ်မြေကွက်များကို ဖလမ်း-ဟားခါးလမ်းပေါ်ရှိ မြို့ရှောင်လမ်းအနီးတွင် ပြန်လည်နေရာချထားပေးရန် ချင်းပြည်နယ်အစိုးရအဖွဲ့မှ လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလျာထားသည့် နေရာအား မြေပေးမိန့်ရရှိပြီးပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တန်ဖိုးနည်းအိမ်ရာ(၄)လုံး ဆောက်လုပ်ပေးနိုင်ရန် ရန်ပုံငွေ ခွဲဝေရရှိပြီးဖြစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

## နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး ချင်းပြည်နယ် အစိုးရအဖွဲ့က လျာထားဆောင်ရွက်

သို့ဖြစ်ပါ၍ နေအိမ်များပြန်လည်တည်ဆောက်နိုင်ရေး ချင်းပြည်နယ် အစိုးရအဖွဲ့က လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြေနေရာအတည်ပြုပြီးပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း နေအိမ်အမိုးသွပ်များကို သင့်တော်သည့်ပမာဏဖြင့် ထောက်ပံ့ပေးနိုင်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်ရှိ ပြည်တွင်းစစ်ဘေးဒဏ်ခံခဲ့ရသော ဘီးလင်း မြစ်တစ်ဖက်ကမ်းရှိ အမည်းရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရသော အရှေ့ဘက်ကမ်းဇုန်အား ဘက်စုံတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် သီးခြားစီမံချက်ဖြင့် မြှင့်တင်ဆောင်ရွက်ပေးရန် မည်သို့ ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၁၉ခုနှစ် ဇန်နဝါရီ ၈ ရက်က ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဘီးလင်းမြို့နယ်ရှိ အမည်းရောင်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရသော တောင်ပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများ ဆိုင်ရာဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများ၊ လျှပ်စစ်မီးဆိုင်ရာ ကိစ္စရပ်များ ဘက်စုံတိုးတက်လာစေရန်နှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် သက်ဆိုင်ရာဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ကွင်းဆင်းအခြေအနေကြည့်၍ လိုအပ်ချက်များအား စီမံကိန်းရေးဆွဲထားရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာနှင့် ညှိနှိုင်းဆွေးနွေးထားပြီး ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း မွန်ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်ထံ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် သေချာစွာ ရေးဆွဲ၍ မွန်ပြည်နယ်အစိုးရ၏ ဘဏ္ဍာငွေ ရရှိရေး၊ ပြည်ထောင်စုသို့ တင်ပြနိုင်ရေး သက်ဆိုင်ရာဦးစီးဌာနအလိုက် စီစဉ် ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းထားရှိပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဆွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) မှ ဦးခင်ဝင်းတို့၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသား လွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စား လှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်း အဝေး ၁၂ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

# ၂၀၁၉ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2019) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံ စိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များ တွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်သည်။ ယင်းဆုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၄)ကြိမ် မြောက် အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေးတွင် ပေးအပ် ချီးမြှင့်သွားမည် ဖြစ်သည်။

### ပေးအပ်ချီးမြှင့်ခဲ့

၂၀၁၈ ခုနှစ်အတွက် အာဆီယံဆုကို ဖိလစ်ပိုင်နိုင်ငံမှ မစ္စစ် အာလင်ဒါ ယူကိုးက အားလုံးပါဝင်သည့် အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာတွင် ၎င်း၏ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိသွားခဲ့သည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်း အနားတွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်တို့က အာဆီယံဆုဖလားနှင့် ဆုတော်ငွေတို့ကို မစ္စစ် အာလင်ဒါ ယူကိုးအား ပေးအပ်ချီးမြှင့်ခဲ့သည်။ အာဆီယံဆုအတွက် ထောက်ပံ့သော အဖွဲ့အစည်းများမှာ စင်ကာပူနိုင်ငံမှ တမားဆက်ဖောင်ဒေးရှင်း (Temasek Foundation)၊ ဖိလစ်ပိုင်နိုင်ငံမှ အရာလာကော်ပိုရေးရှင်း(the Ayala Corporation) နှင့် မလေးရှားနိုင်ငံမှ ယာယာစံ ဟဆနာ (Yayasan Hasanah) အဖွဲ့အစည်းတို့ဖြစ်သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထားမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့ သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ် ရေးသားဖော်ပြ ရမည် ဖြစ်သည်။

### လေ့လာကြည့်ရှုနိုင်

အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံ တွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူး ချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/ call-nominations-asean-prize-2019/. တွင် ရယူ၍ အာဆီယံရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.comနှင့် psaseanmmr@gmail.comကို ၈-၃-၂၀၁၉ ရက်နေ့နောက်ဆုံးထား၍လိပ်မူလျှောက်ထားနိုင်ကြောင်း၊ အသေး စိတ် အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**တက်ရောက်**

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ခန်းမပြင်ပတွင် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ပြသထားသည့် ဓာတ်ပုံပြပွဲ၊ စာအုပ်ပြခန်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကျင်းပပြုလုပ်သော ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပျဉ်းမနားမြို့ကန်တော်မင်္ဂလာပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ပါဝင်ပြသထားသည့် ကာတွန်းပြပွဲကို လှည့်လည်ကြည့်ရှုပြီး ကာတွန်းဆရာများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ပြခန်းများနှင့် ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ပုဗ္ဗသီရိမြို့နယ်တွင် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)က ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စု၏ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြပွဲကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ကဗျာရွတ်၊ ပုံပြောနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ကို ကလေးများနေ့အဖြစ်သတ်မှတ်ကာ မွေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များတွင် ဟောပြောပွဲ၊ ဆေးရောင်ခြယ်၊ ပန်းချီ၊ ကဗျာရွတ်၊ ပုံပြောနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ပြုလုပ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကကျင်းပသော ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြစဉ်။

**ပြသထား**

ထိုကဲ့သို့ အထိမ်းအမှတ်အခမ်းအနားကျင်းပရာတွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားထုတ်ဝေသည့် စာအုပ်များအပြင် ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးနှင့် စည်းရုံးရေးဆောင်ရွက်မှု၊ တပ်မတော်တွင် ပါဝင်ဆောင်ရွက်မှု၊ ဗြိတိန်နှင့် ဂျပန်ခရီးစဉ် မှတ်တမ်းဓာတ်ပုံများကိုလည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပါဝင်ပြသထားသည်။

အခမ်းအနားသို့ လာရောက်သူများကို အောင်ဆန်းဒိုင်ယာရီစာအုပ်များ၊ ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် ပိုစတာများနှင့် လက်ကမ်းစာစောင်များ ပေးဝေခဲ့ပြီး မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ပဲပြုတ်၊ နံပြား၊ လက်ဖက်ရည်နှင့် ရေသန့် စသည့် စားသောက်ဖွယ်ရာများ ဒါနပြုကျွေးမွေးဧည့်ခံခဲ့သည်။

**သတင်းစဉ်**




အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြစဉ်။



# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့နှင့် ကလေးများနေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄)နှစ်မြောက်မွေးနေ့နှင့် မြန်မာနိုင်ငံ ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို ဌာနချုပ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံ ကလေးများနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့် အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်ကို ကလေးငယ်များအတုယူနိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောပြသည့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းအစီအစဉ် ဗီဒီယိုမှတ်တမ်းကိုပြသပြီး ကျောင်းသား ကျောင်းသူလေးများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် သမိုင်းကြောင်းများနှင့် အမှတ်တရ အကြောင်းအရာများကို ကလေးငယ်များသိရှိစေရန် ဉာဏ်စမ်းမေးမြန်းခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသည့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကိုကျင်းပပြီး မျက်လှည့်ပညာရှင် မစ္စတာတော့ပ်က မျက်လှည့်ပညာများဖြင့် ဖျော်ဖြေခဲ့သည်။

အဆိုပါအခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီက ကြီးမှူး၍ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ရဲရင့်မှု၊ သစ္စာရှိမှုစသည့် စိတ်နေသဘောထားများကို ကလေးငယ်များ အတုယူနိုင်စေရန်နှင့် ကလေးငယ်များ ပျော်ရွှင်စေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သည်။ အခမ်းအနားတွင် တာဝန်ရှိသူများက ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စတုဒိသာများဖြင့် ဧည့်ခံခဲ့သည်။

**စတုဒိသာများကျွေးမွေး**

အလားတူ ဗိုလ်ချုပ်အောင်ဆန်း၏(၁၀၄)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီ



အဖွဲ့ချုပ် လမ်းမတော်မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့က မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ဆေးရုံတို့တွင် ပဲပြုတ်နှင့် နံပြားတို့ကို စတုဒိသာအလှူအဖြစ် လိုက်လံကျွေးမွေးခဲ့ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ- ဇော်ကြီး**

# သခင်မြပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ ပြပွဲ၊ ပြိုင်ပွဲ၊ ဖျော်ဖြေပွဲများ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ သခင်မြပန်းခြံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်သည်။

**ပျော်ရွှင်စွာဆင်နွှဲ**




အခမ်းအနားတွင် စာတမ်းဖတ်ပွဲအဖြစ် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လေးစားအားကျအတုယူဖွယ်ဂုဏ်ဒြပ်များကိုဖော်ညွှန်းသည့် စာတမ်းအားရန်ကုန်တက္ကသိုလ် မြန်မာစာထူးချွန် တတိယနှစ် ဂုဏ်ထူးတန်းမှ ကျောင်းသား ကျောင်းသူတို့က ဖတ်ကြားပြီး ကလေးငယ်များ ဗဟုသုတနှင့် ပျော်ရွှင်မှုရရှိစေရန် အလယ်တန်းအဆင့် ဗိုလ်ချုပ်မိန့်ခွန်းကောက်နုတ်ချက်ပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာပြိုင်ပွဲတို့အပြင် အလွတ်တန်းပြိုင်ပွဲများအဖြစ် ဗိုလ်ချုပ်ပုံတူ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ ဉာဏ်စမ်း၊ စက္ကူခေါက်၊ ဗိုလ်ချုပ်ပုံတူပန်းချီ၊ မိန့်ခွန်းကောက်နုတ်ချက်ပြိုင်ပွဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ အကအလှဖျော်ဖြေမှုများနှင့်အတူ ပျော်ရွှင်ဖွယ်ရာ ကစားနည်းများကိုကျင်းပရာ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မကြည်ဇင်သန့်က "ပြိုင်ပွဲတော်တော်များများ ဝင်ပြိုင်ခဲ့တယ်။ ဗိုလ်ချုပ်ရဲ့ အကြောင်းနဲ့ပတ်သက်ပြီး မသိသေးတာတွေသိလာတယ်။ ဗဟုသုတတွေအများကြီးရပါတယ်။ ဗိုလ်ချုပ်ရဲ့ ရိုးသားဖြောင့်မတ်မှု စိတ်ဓာတ်နဲ့ ကြိုးစားအားထုတ်မှုတွေကို အတုယူပြီး လူငယ်တစ်ဦးအနေနဲ့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၉)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်စောက "အခုလို ပွဲတွေလုပ်ခြင်းအားဖြင့် ကလေးတွေအနေနဲ့ ဗိုလ်ချုပ်ကို ပိုပြီးသိလာမယ်။ ဗိုလ်ချုပ်လို နိုင်ငံချစ်စိတ်တွေ၊ ရိုးသားကြိုးစားတဲ့စိတ်တွေရလာမယ်"ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ဖြတ်သန်းဆောင်ရွက်ခဲ့သည့် ပုံရိပ်များကိုပေါ်လွင်စေသည့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးလှုပ်ရှားမှုမှတ်တမ်းများ၊ ကျောင်းသားဘဝမှတ်တမ်းများ၊ ဗြိတိန်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည့် မှတ်တမ်းများ၊ တပ်မတော်တွင် ပါဝင်ဆောင်ရွက်မှု မှတ်တမ်းများ၊ စည်းရုံးရေးခရီးစဉ်မှတ်တမ်းများ၊ မိသားစုမှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ အမှတ်တရစကားများ၊ လက်ရေးမူများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ဂုဏ်ပြုကဗျာများ ၊ အဆိုအမိန့်များကိုလည်း လူငယ်များသိရှိစေရန် ဓာတ်ပုံပိုစတာများဖြင့် ပြသထားသည်။

**အတုယူနိုင်စေရန်**

ထို့အပြင် ဖျော်ဖြေရေး သမိုင်းဝင်ဗီဒီယိုပြခန်းနှင့် အသိပညာပေးပြခန်းများကိုလည်း ဖွင့်လှစ်ပြသထားသည့်အပြင် အလှူရှင်များကလည်း ပဲပြုတ်နှင့် နံပြား၊ အအေးတို့ကို စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များကို လူငယ်များ အတုယူနိုင်စေရန်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဖြောင့်မတ်တည်ကြည်သော စိတ်၊ ရဲဝံ့စိတ်နှင့် မဆုတ်မနစ်အားထုတ်တတ်သောစိတ်များကို လူငယ်များ အတုယူနိုင်စေရန်၊ စိတ်ဓာတ်၊ အရည်အသွေးနှင့်ပြည့်ဝ၍ ရှပ်ရှပ်ချွံချွံ သယ်ပိုးထမ်းရွက်လိုသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရန်ကုန်မြို့နေ ပြည်သူများ တက်ရောက်ကြသည်။

ယင်းကဲ့သို့ အထိမ်းအမှတ်အခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပဒေသာပန်းခြံအတွင်း၌ လည်းကောင်း၊ မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ပန်းခြံ၌ လည်းကောင်း၊ တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်အဆင့်ကျင်းပမှုများကို မရမ်းကုန်းမြို့နယ်တွင် လည်းကောင်း၊ ကမာရွတ်မြို့နယ်တွင် လည်းကောင်း၊ စမ်းချောင်းမြို့နယ်တွင်လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် လည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့အတွင်း မြို့နယ်များရှိ ရပ်ကွက်များတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးမှု အလှူများနှင့် ပျော်ပွဲရွှင်ပွဲများကိုကျင်းပကြပြီး ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တို့တွင်လည်း လာရောက်လေ့လာသူ၊ ဂါရဝပြုသူ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**



# ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအထိမ်းအမှတ် ဆုပေးပွဲနှင့် တေးသရုပ်ဖော်တင်ဆက်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ယနေ့သည် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ အသက် ၁၀၄ နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း၌ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိရာ "အောင်ဆန်းဇာနည်" ကဗျာနှင့် "အာရှသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း" တေးသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ၌ ယနေ့ နံနက်ပိုင်းမှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အခမ်းအနားများကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အလိုက် ဗိုလ်ချုပ်အောင်ဆန်း၏ အတုယူစံပြုထိုက်သည်များကို ဖော်ညွှန်း၍ အနှစ်သာရရှိစွာ ကျင်းပကြသည်။

ယင်းတို့အနက် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုပေးပွဲနှင့် တေးသရုပ်ဖော်တင်ဆက်ပွဲကို ယနေ့ည ၇ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ "ထာဝရသစ္စာ" တေးသီချင်းဖြင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး "စည်းလုံးစို့လေ သွေးချင်းတို့ရေ" နှင့် "ယဉ်တစ်ကိုယ်မယ်" တေးသီချင်းတို့ဖြင့် ဟိန်းရတနာအောင် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ခေါင်းလောင်းသံ ကိုယ်ပိုင်မူလတန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများက ဆက်လက်ဖျော်ဖြေကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၌ ပထမဆုရ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မဆုလဲ့ရတနာက လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်၏ လေးစားအတုယူဖွယ် စံပြုထိုက်ပုံနှင့် သမိုင်းကြောင်းကို ဖော်ညွှန်းပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ်ပွဲ ဖြစ်မြောက်ရေး အလှူရှင်များက စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ဆက်လက်၍ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ဘွန္တော" တေးသရုပ်ဖော်နှင့် စွမ်းပြည့်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသူများက "လားဟူမြန်မာ" အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အလှူရှင်များက ပန်းချီပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ထို့နောက် ဝဏ္ဏဒီပရပ်ကွက် သမီးပျိုလေးများက "ဗိုလ်ရှုသဘင်" တေးသရုပ်ဖော်နှင့် ခေါင်းလောင်းသံကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသားလေးများက "ကာယဗလ" သရုပ်ပြတင်ဆက်ကြပြီး အလှူရှင်များက ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ဆက်လက်၍ အေးမေတ္တာစံ ပရဟိတတောင်နီလေးကျောင်းတိုက်မှ ကျောင်းသားကျောင်းသူများက "ကယန်းတိုင်းရင်းသားရိုးရာ" အကနှင့် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "တို့ရှမ်းဌာနီ" တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ယင်းနောက် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြပြီး တာဝန်ရှိသူများက ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ကြသူများ၊ ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယနေ့ကျင်းပသည့် ပုဗ္ဗသီရိမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် ပန်းခြံဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားနှင့် ဖျော်ဖြေပွဲသို့ တက်ရောက်လာကြသူများကို နေပြည်တော်ဘူတာကြီးမှ မြန်မာ့မီးရထားဝန်ထမ်းများက ကြက်သားဆန်ပြုတ်၊ နို့ဆန်ပြုတ်တို့ကို စေတနာဒါနတိုက်ကျွေးခဲ့သည့်အပြင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်းနှင့်သက်ဆိုင်သည့် စာအုပ်စာစောင်များ၊ ပန်းချီရုပ်တုများကို ခင်းကျင်းပြသထားရာ ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ကျော်ဇင်ထိုက်**



ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့နှင့် ကလေးများနေ့အထိမ်းအမှတ် အခမ်းအနားကို ညောင်ဦးခရိုင် ပုဂံမြို့ရှိ မူလတန်းကြိုကျောင်းတွင် ကျင်းပရာ ကလေးငယ်များ ကဗျာရွတ်ဆိုကြစဉ်။ ကိုထိန်(ငါ့သရောက်)



ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့နှင့် ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကျင်းပရာ ကလေးငယ်များ ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေစဉ်။ မျိုးမင်းသိန်း(မရမ်းကုန်း)



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ်ပြခန်း ဖွင့်လှစ်ပြသစဉ်။ မြို့နယ်(ပြန်/ဆက်)



တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာတွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ဆေးရောင်ခြယ် ယှဉ်ပြိုင်နေစဉ်။ တင်စိုးလွင်



မန္တလေးမြို့၌ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံများ ပြသထားစဉ်။ မင်းထက်အောင်(မန်းကိုယ်ပွား)



# အမေရိကန်ကွန်ဂရက်က အတည်ပြုချမှတ်ခဲ့သည့် ရသုံးငွေစာရင်းအသစ်အပေါ် သမ္မတထရန့် ကျေနပ်မှုမရှိ



ပတ်သက်ပြီး သမ္မတထရန့်နှင့် ကွန်ဂရက်အမတ်များအကြား သဘောတူညီမှုမရှိခဲ့ကြသည့်အတွက် အစိုးရယန္တရား ရပ်ဆိုင်းမှုသည် တစ်လကျော်ခန့် ကြာညောင်းခဲ့ရကြောင်း သိရသည်။ **အေအက်ဖ်ပီ**

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**
အမေရိကန်ကွန်ဂရက်က မက္ကဆီကိုနယ်စပ်အုတ်တံတိုင်း ကာရံရန် ရသုံးငွေချမှတ်ပေးမှုအပေါ် သမ္မတထရန့်က ကျေနပ်မှုမရှိပါကြောင်း ယနေ့ထုတ်ဖော်ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

နယ်စပ်တံတိုင်းကာရံရန် ရသုံးငွေချမှတ်ပေးမှုအပေါ် ကျေနပ်မှုမရှိပါသော်လည်း အစိုးရယန္တရား ရပ်ဆိုင်းမှုအသစ်တစ်ဖန် မဖြစ်ပေါ်စေရန် ၎င်းအနေဖြင့် ဆန္ဒရှိပါကြောင်း သမ္မတထရန့်က ဆိုသည်။

ဖေဖော်ဝါရီ ၁၁ ရက်က ကွန်ဂရက်လွှတ်တော်အမတ်များနှင့် သမ္မတထရန့်အကြား ရသုံးငွေစာရင်းအသစ်နှင့်ပတ်သက်ပြီး သဘောတူညီမှုတစ်ရပ် ထွက်ပေါ်ခဲ့သည်။ ယင်းရသုံးငွေစာရင်းတွင် မက္ကဆီကိုနယ်စပ်အုတ်တံတိုင်းတည်ဆောက်ခြင်းအတွက် ပါဝင်ခဲ့သည်။

သမ္မတထရန့်က ၎င်းအနေဖြင့် အုတ်တံတိုင်းကာရံရန် ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံတောင်းခံထားသော်လည်း ကွန်ဂရက်က ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကိုသာ ချမှတ်ပေးခဲ့သည့်အတွက် ရသုံးငွေစာရင်းအသစ်အပေါ် သဘောကျကျေနပ်မှုမရှိပါကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။ ထို့ပြင် မက္ကဆီကိုနယ်စပ်မှ အမေရိကန်ပြည်ထောင်စုအတွင်းသို့ မူးယစ်မှောင်ခိုသမားများနှင့် ရာဇဝတ်ကောင်များ အလွယ်တကူဝင်ရောက်မှုမရှိစေရေးအတွက် ကြီးမားခိုင်ခံ့သော အုတ်တံတိုင်းကြီးကို တည်ဆောက်မည်ဖြစ်ပါကြောင်း သမ္မတထရန့်က ဆက်လက်ပြောကြားခဲ့သည်။

ယခုကွန်ဂရက်က အတည်ပြုချမှတ်ပေးခဲ့သည့် ပမာဏသည် မက္ကဆီကို နယ်စပ်တစ်လျှောက် ၅၅ မိုင်အထိသာ အုတ်တံတိုင်းတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့သော် သမ္မတထရန့်က နယ်စပ်ဖြတ်ကျော်မှုခင်းများ ဖြစ်ပွားမှုကို ထိန်းချုပ်ဟန့်တားနိုင်ရန် အုတ်တံတိုင်းအများအပြား ကာရံရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အစိုးရယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ယခုရသုံးငွေစာရင်းအသစ်ကို ကွန်ဂရက်က အတည်ပြုပေးခဲ့ပြီး သမ္မတထရန့်က လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။ မက္ကဆီကို နယ်စပ်အုတ်တံတိုင်းကာရံရေးနှင့်

# အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပမည်



**ပေကျင်း ဖေဖော်ဝါရီ ၁၃**
အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုအတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်ထိပ်တန်း တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၅ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံမည်ဖြစ်ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

နှစ်နိုင်ငံတာဝန်ရှိသူများအနေဖြင့် ဝါရှင်တန်၏ တရုတ်သွင်းကုန်ပစ္စည်းများကို အခွန်ကောက်ခံမှု စတင်မည့် မတ် ၁ ရက်မတိုင်မီ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ရရှိရန် အစွမ်းကုန်ကြိုးပမ်းကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတင်ဗင် မျူချင်တို့အပါအဝင် ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ယခုအစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် အမှန်တကယ် ကြိုးပမ်းကြမည်ဆိုပါက နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး စစ်မှန်သော သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာမည်ဖြစ်ကြောင်း သမ္မတထရန့်က အိမ်ဖြူတော်၌ မီဒီယာများသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလတွင် သမ္မတထရန့်က တရုတ်သွင်းကုန်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ အခွန်တိုးမြှင့်ကောက်ခံမှုကို ယာယီရပ်ဆိုင်းထားပြီး နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုရရှိရေးအတွက် ညှိနှိုင်းရန်အချိန် သုံးလခွင့်ပြုခဲ့သည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့တွင် ကုန်သွယ်ရေးကဏ္ဍ၌ နှံ့စပ်ကျွမ်းကျင်သူ ဒုတိယဝန်ကြီးချုပ် လျိုင်ဟေးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌ ယီဂန်းတို့ ပါဝင်မည်ဖြစ်သည်။

အဆိုပါနှစ်နိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်များသည် လွန်ခဲ့သောလက ဝါရှင်တန်မြို့တွင် တွေ့ဆုံခဲ့ပြီး ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ သို့သော် ကုန်သွယ်ရေးသဘောတူညီချက်ကို ချမှတ်နိုင်ခြင်းမရှိခဲ့ပေ။

တရုတ်နိုင်ငံက အမေရိကန်၏သွင်းကုန်ပစ္စည်းများကို ယခင်ကထက် ပိုမိုဝယ်ယူမည်ဖြစ်ကြောင်း ကမ်းလှမ်းထားကြောင်း သိရသည်။

ယခုအချိန်အထိ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၆၀ ဘီလီယံကျော် အခွန်အခကောက်ခံထားပြီးဖြစ်သည်။ အဆိုပါ အခွန်အခနှုန်းသည် နှစ်နိုင်ငံထုတ်လုပ်ရေးကဏ္ဍများအပေါ် ချိန်ဆတွက်ချက်နိုင်ပြီး ကမ္ဘာ့စီးပွားရေးဈေးကွက်ကို လှုပ်ခတ်စေခဲ့သည်။

**အေအက်ဖ်ပီ**

# ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်သွားသည့် အမေရိကန်လေယာဉ်တင် သင်္ဘောပျက် ရှာဖွေတွေ့ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၃**
ဒုတိယကမ္ဘာစစ် ကာလအတွင်းက ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းတွင် နစ်မြုပ်သွားခဲ့သည့် အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘောပျက်တစ်စင်းကို ရှာဖွေရေးအဖွဲ့တစ်ဖွဲ့က တွေ့ရှိထားကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဆော်လမွန်ကျွန်းများ၏ အရှေ့ဘက် သမုဒ္ဒရာရေပြင်၏အနက် မီတာ ၅၄၀၀ တွင် နစ်မြုပ်နေသည့် ယူအက်စ်အက်စ် ဟောနက်စ်အမည်ရှိ လေယာဉ်တင်သင်္ဘောကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယူအက်စ်အက်စ် ဟောနက်စ် လေယာဉ်တင်သင်္ဘောသည် အမေရိကန်တပ်ဖွဲ့များက ဂျပန်ကျွန်းမကြီးရှိ ကျွန်းစုများအား ပထမဆုံးအကြိမ်အဖြစ် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့ခြင်းဖြင့် လူသိများခဲ့သည်။

ယင်းလေယာဉ်တင် သင်္ဘောပျက်အား ရှာဖွေတွေ့ရှိခဲ့သည့် ရှာဖွေရေးအဖွဲ့ကို မိုက်ခရိုဆော့ဖ်ကုမ္ပဏီအား ပူးတွဲတည်ထောင်ခဲ့သူ ပေါလ်အလန်က ထူထောင်ခဲ့ခြင်းဖြစ်သည်။

မောင်းသူမဲ့ ရေငုပ်ရေယာဉ်မှ ရိုက်ယူခဲ့သော ဓာတ်ပုံများတွင် လေယာဉ်တင်သင်္ဘော၏ ကိုယ်ထည်၊ တိုက်လေယာဉ်များနှင့် လေယာဉ်ပစ်စက်သေနတ်ပုံများကို တွေ့မြင်ရသည်။

လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ဟောနက်စ်ကို ၁၉၄၁ ခုနှစ် အောက်တိုဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပြီး မကြာမီကာလအတွင်းမှာပင် ပစိဖိတ်သမုဒ္ဒရာ ရေတပ်စစ်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဧပြီလတွင် ယင်းသင်္ဘောပေါ် တင်ဆောင်ထားသည့် ဘီ ၂၅ အမျိုးအစား ဗုံးကြဲလေယာဉ် ၁၆ စင်းတို့သည် ဂျပန်ကျွန်းမကြီးရှိ ကျွန်းများပေါ်သို့ အမေရိကန်တို့၏ ပထမဆုံးအကြိမ် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ရန်အတွက် ပျံတက်ခဲ့ကြသည်။


ယူအက်စ်အက်စ် ဟောနက်စ် လေယာဉ်တင် သင်္ဘောသည် မစ်ဒ်ဝေးကျွန်းစုနှင့် ဆော်လမွန်ကျွန်းစု ရေကြောင်းတိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။

၁၉၄၂ ခုနှစ် အောက်တိုဘာလတွင် ဂျပန်လေတပ်မှ လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် ယူအက်စ်အက်စ် ဟောနက်စ် လေယာဉ်တင်သင်္ဘောမှာ အကြီးအကျယ် ပျက်စီးခဲ့ပြီး ဂျပန်ဖျက် သင်္ဘောတစ်စင်းမှ တော်ပီဒိုများဖြင့် ပစ်ခတ်မှုကြောင့် နစ်မြုပ်သွားခဲ့သည်။

ယူအက်စ်အက်စ် ဟောနက်စ် လေယာဉ်တင်သင်္ဘောသည် ဒုတိယကမ္ဘာစစ်ကာလအတွင်းက ဂျပန်ဘုရင့်ရေတပ်မှ နောက်ဆုံးနစ်မြုပ်လိုက်သည့် အမေရိကန်လေယာဉ်တင်သင်္ဘော ဖြစ်သည်။

ယင်းလေယာဉ်တင်သင်္ဘောပျက်အား ရှာဖွေတွေ့ရှိမှုသည် ပြည်သူများအနေဖြင့် ဒုတိယကမ္ဘာစစ်ကာလအတွင်း အသက်စွန့်ခဲ့ရသည့် စစ်မှုထမ်းများအား ပြန်လည်အမှတ်ရလာစေရေးအတွက် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ကြောင်း ရှာဖွေရေးအဖွဲ့ခေါင်းဆောင် ရောဘတ်ကရက်ဖ်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**




# အာကာသစစ်ပွဲ ခြိမ်းခြောက်မှုများ ရှိလာနိုင်ဖွယ်ရှိဟု အမေရိကန်ကာကွယ်ရေးဌာနဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**
အမေရိကန်ကာကွယ်ရေး စုံစမ်းစစ်ဆေးရေးဌာနက တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ကာကွယ်ရေးစွမ်းပကားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အာကာသအတွင်း ခေတ်မီလက်နက်များ အပြိုင်အဆိုင်စမ်းသပ်လျက်ရှိသည့်အတွက် အာကာသစစ်ပွဲများ ဖြစ်ပေါ်နိုင်သော ခြိမ်းခြောက်မှုအန္တရာယ်များ ရှိလာနိုင်ဖွယ်ရှိကြောင်း သတိပေးချက်တစ်ရပ်ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အာကာသအတွင်းရှိ ဂြိုဟ်တုများကို ဖျက်ဆီးနိုင်သော လေဆာလက်နက်များနှင့် ဒုံးကျည်အမျိုးမျိုး တီထွင်ထုတ်လုပ်ကာ အာကာသအတွင်း ကာကွယ်ရေးလက်နက်စွမ်းပကားကို မြှင့်တင်လျက်ရှိသည်ဟု 'အာကာသတွင်း လုံခြုံရေး စိန်ခေါ်မှု' ခေါင်းစဉ်ဖြင့် အစီရင်ခံစာကို အမေရိကန်ကာကွယ်ရေး စုံစမ်းစစ်ဆေးရေးဌာနက ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၂၀၂၀ ပြည့်နှစ်မတိုင်မီ အာကာသအတွင်း အမေရိကန် ကာကွယ်ရေးတပ်ဖွဲ့အသစ်တစ်ခုကို တပ်ဖြန့်ထားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အာကာသအတွင်း ကာကွယ်ရေးစွမ်းပကားနှင့် စစ်ဆင်ရေးများကို ထိန်းချုပ်ဟန့်တားနိုင်ရန် အမေရိကန်အာကာသစစ်ဌာနချုပ်တစ်ခု တည်ထောင်မည်ဖြစ်ကြောင်း သမ္မတထရန့်အစိုးရအဖွဲ့က ဒီဇင်ဘာလက ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## RCSS/SSA အဖွဲ့က တပ်မတော်ပိုင် စစ်ယာဉ်တစ်စီးပေါ်မှ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းသွားကြောင်း သိရှိရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းနှင့် ကျိုင်းတုံအကြား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ RCSS/SSA အဖွဲ့မှ အင်အား ၅၀ ခန့်က ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ယာယီတာဝန်အပြီး တောင်ကြီးမှ ကျိုင်းတုံသို့ ပြန်လာသည့် တပ်ရင်းမှူး နှစ်ဦး စီးနင်းလာသော စစ်ယာဉ်တစ်စီးအား တားဆီး၍ ယာဉ်ပေါ်ပါရှိသည့် အသုံးအဆောင်ပစ္စည်းများကို သိမ်းဆည်းသွားသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

RCSS/SSA အဖွဲ့အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)အား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုးထားပြီးသော အဖွဲ့အစည်းဖြစ်သည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်လျက် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်" အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်၍ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေအပါအဝင် တိုင်းစစ်ဌာနချုပ် ငါးခု၌ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်အပေါ် လိုက်နာရန် သတိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုဖြစ်စဉ်တွင် တပ်မတော်သားများနှင့် စစ်အသုံးအဆောင်ပစ္စည်းများ ဖြစ်သည်ကိုသိလျက်နှင့် ယူဆောင်သွားမှုသည် ထာဝရငြိမ်းချမ်းရေးအတွက် ကြီးမားသည့် ဆန့်ကျင်ဘက်စိန်ခေါ်မှုတစ်ခုဖြစ်သဖြင့် RCSS/SSA အဖွဲ့အနေဖြင့် ယူဆောင်သွားသော အသုံးအဆောင်ပစ္စည်းများအားလုံးကို တပ်မတော်သို့ အမြန်ဆုံးပြန်လည်ပေးအပ်ရန်၊ ပြန်လည်ပေးအပ်ခြင်းမရှိပါက လိုအပ်သလို အရေးယူမှုပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပါအဝင် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း လုံခြုံရေးသတိကင်းမဲ့စွာဆောင်ရွက်ခဲ့ကြသော အရာရှိများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းအယောင်ဆောင်၍ ယာဉ်အား လိမ်လည်စစ်ဆေးနေသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုး ယာဉ်စီးရေများပြားသဖြင့် အချိန်ကြာမြင့်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်ခြင်းများ လျော့နည်းသက်သာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)နှင့် (မန္တလေးတောင်ပိုင်း) တို့တွင် ယာဉ်စစ်ဆေး ရက်ချိန်းကြိုတင်စာရင်းသွင်းသည့်စနစ် Online Booking System အား ဆောင်ရွက်ပေးခဲ့ပြီး နောက်ပိုင်းတွင် မော်တော်ယာဉ်မှန်ကန်မှုရှိ၊ မရှိ စစ်ဆေးခြင်းကိုပါ Online Booking System ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်းကို Online Booking System တွင် ရက်ချိန်းရယူ၍ အချိန်စောင့်ဆိုင်းလိုခြင်းမရှိသော ယာဉ်ပိုင်ရှင်များသည် ပြင်ပတွင် ငွေကျပ် ၁၃၀၀၀၀ ပေး၍ စစ်ဆေးနေကြကြောင်း သတင်းအရ တိုင်းဒေသကြီး ဦးစီးမှူး(ရန်ကုန်)မှ တိုင်းဦးစီးမှူး ဦးလျန်ကျင့်မန် ဦးဆောင်သည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများနှင့် သဃ်္ဃန်းကျွန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် အသွင်ယူ၍ ဆောင်ရွက်ခဲ့ရာ သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ချမ်းသာလမ်းရှိ ဝပ်ရှော့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာအယောင်ဆောင်၍ ယာဉ်အား စစ်ဆေးပေးနေသော ဦးအောင်ကျော်ဦး တောင်ဥက္ကလာပမြို့နယ်နေသူနှင့် ဆက်သွယ်ဆောင်ရွက်ပေးသူ ဦးပြည့်ဖြိုးအောင် (ခ) ပြည့်ဖြိုး သဃ်္ဃန်းကျွန်းမြို့နယ်နေသူတို့အား သက်သေများနှင့်အတူ ဖမ်းဆီးရမိသည်။ ၎င်းတို့နှစ်ဦးအား သဃ်္ဃန်းကျွန်းမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်းနှင့် ပတ်သက်၍ Online Booking System ကျင့်သုံးသည့် ရုံးများအတွက် Online Booking ရယူ၍ ဆောင်ရွက်ရန်နှင့် Online Booking မရှိသော ရုံးများအတွက် သက်ဆိုင်ရာ ရုံးဦးစီးမှူးများထံ ခွင့်ပြုချက်ရယူပြီး ရုံးဝင်းအတွင်း ယာဉ်စစ်ဆေးနိုင်ကြောင်း အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



## ဂန့်ဂေါမြို့နယ်နှင့် ဆောမြို့နယ်တို့တွင် တရားမဝင် ပိတောက်ခွဲသား ၁၄ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် ဆောမြို့နယ်တို့တွင် တရားမဝင် ပိတောက်ခွဲသား ၁၄ တန်ကျော်ကို သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ယမန်နေ့က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးရမိမှုမှာ ဂန့်ဂေါမြို့နယ်တွင် ပိတောက်ခွဲသား ၁၅၅ ချောင်း (၁၂ ဒသမ ၃၂၁၄ တန်)နှင့် ဆောမြို့နယ်တွင် ပိတောက်ခွဲသား ၃၃ ချောင်း (၂ ဒသမ ၆၀၇၂ တန်) စုစုပေါင်း ပိတောက်ခွဲသား ၁၄ ဒသမ ၉၂၈၆ တန် ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မွေးကြူဇင်**

## ရွှေကူမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ရွှေကူမြို့နယ် မိုက်စမ်းဝါးခုတ်စခန်းအနီးရှိ အေးမင်းထွန်း(ခ)သာချို၏ဈေးဆိုင်တဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၀၀၊ ဘိန်းစိမ်း ဂရမ် ၅၀ နှင့် ငွေကျပ် ၅၀၈၀၀၀ တို့ကို လည်းကောင်း၊ သောင်းကျော် (ခ)ရှမ်းကြီး၏ နေအိမ်တဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၃၀ နှင့် ငွေကျပ် ၁၃၁၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**ကိုရဲ**


## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၆ စီး၊ သွင်းကုန် ၄၅၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ခုနစ်စီး၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၃၃၇ သန်း)ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား သုည ဒသမ ၇၇၀၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၁၂ သန်း)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

"Chinese New Year Promotion"
12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး







➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ယာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။
➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။



ဖုန်း–၆၅၀၅၃၅၊၆၆၆၁၈၃၊၆၅၁၄၃၆၊၀၉–၇၃၁၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄)နှစ်ပြည့်မွေးနေ့ အမြို့မြို့အနယ်နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး**

မန္တလေး ကာတွန်းညီအစ်ကိုများအဖွဲ့က ကြီးမှူးကျင်းပသည့် ပြည်ထောင်စုနေ့နှင့် ကလေးများနေ့(ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့) အထိမ်းအမှတ် ပြည်သူ့နီတိကာတွန်းပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ စတင်၍ မန္တလေးမြို့ ကျုံးတောင်ဘက် ၆၆ လမ်းနှင့် ၆၈ လမ်း ထောင့်၌ ကျင်းပသည်။

အဆိုပါပြပွဲကို အောင်မြင်သူကုမ္ပဏီ၏ ထောက်ပံ့ကူညီမှုဖြင့် မန္တလေးကာတွန်း ညီအစ်ကို ၁၈ ဦး စုပေါင်းရေးဆွဲထားသည့် ပြည်သူ့နီတိကာတွန်းကားပေါင်း ၇၂ ကား ကို ကလေးများအတွက် အသိပညာပေးရန် ရည်ရွယ်ချက်ဖြင့် ချိတ်ဆွဲပြသပေးခြင်း ဖြစ်ကြောင်း သိရသည်။

မန္တလေး ကာတွန်းညီအစ်ကိုများအဖွဲ့မှ ကာတွန်းအောင်မော်က "ကလေးကောင်းမှ လူကြီးကောင်းမယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်း ကလေးဘဝကတည်းက ဆောင်ရန်၊ ရှောင်ရန် အချက်တွေကို အသိပညာပေး ကာတွန်းနီတိ လေးတွေရေးဆွဲပြီး အခုလို လူအသွားအလာ များတဲ့ ကျုံးဘေးမှာ ပြည်ထောင်စုနေ့နဲ့ ကလေး


ဓာတ်ပုံ - အေပီကေ

များနေ့မှာ ရွေးချယ်ပြီး ပြသပေးခြင်းဖြစ်ပါ တယ်" ဟု ပြောသည်။

ချမ်းအေးသာစံမြို့နယ်မှ လာရောက် လေ့လာ ကြည့်ရှုသည့် ဒေါ်သီတာဦးကလည်း "ဒီပြပွဲကို ကျုံးဘေးက ဖြတ်သွားရင်း မြင်တွေ့လို့ ကား ရပ်ပြီး လာကြည့်တာပါ။ ပြည်သူ့နီတိ၊ လောက နီတိဆိုတာ စာအုပ်ထဲမှာ ရှာဖွေဖတ်ရှုတာ ထက်စာရင် အခုလို ကာတွန်းတစ်ကွက်တည်း နဲ့ ကလေးတွေအတွက် အသိတရား ချက်ချင်း ရရှိသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပြပွဲကို မိဘတိုင်း ကိုယ့်သားသမီးတွေနဲ့အတူ လာ ရောက်ကြည့်ရှုလေ့လာကြဖို့ တိုက်တွန်းလိုပါ တယ်" ဟု ပြောသည်။

ပြည်သူ့နီတိကာတွန်းပြပွဲတွင် ပုံတူနှင့် ရုပ်ပြောင်ကာတွန်းပုံများကို တစ်ပုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ရေးဆွဲပေးခြင်းနှင့် အမှတ်တရ အထိမ်းအမှတ် ဗိုလ်ချုပ်ရုပ်ပုံပါ အင်္ကျီများကို လည်း တစ်ထည် ကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချ ပေးသည့် အစီအစဉ်များပါဝင်ပြီး ပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဖြိုးကျော်**

**သထုံ**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ် အောင်ဆန်း၏ (၁၀၄) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် အခြေခံပညာကျောင်း များအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဗိုလ်ချုပ် မိန့်ခွန်းကောက်နုတ်ချက်ပြောပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီဆွဲပြိုင်ပွဲ များကို ဖေဖော်ဝါရီ၁၂ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ် သထုံမြို့ အထက (၂) လှမဠ္ဍုချန်းမ၌ ကျင်းပသည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်း အဆင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ ဗိုလ်ချုပ်မိန့်ခွန်းကောက်နုတ်ချက်ပြော ပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်း သား ကျောင်းသူ ကိုးဦး၊ ဗိုလ်ချုပ်အောင် ဆန်း ပုံတူပန်းချီဆွဲ ပြိုင်ပွဲတွင် အလယ် တန်းနှင့် အထက်တန်းအဆင့် ကျောင်း သား ကျောင်းသူ ၁၄ ဦးတို့ ပါဝင်ယှဉ်ပြိုင် ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



**ပဲခူး**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်း အမှတ်အခမ်းအနားကို ပဲခူးမြို့အမှတ်(၃) အခြေခံပညာအထက် တန်းကျောင်း ဝိုင်အမ်ဘီအေခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြား ရေးမှူး ဦးစန်းအောင်က ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ကျင်းပ ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ကဗျာပြိုင်ပွဲတွင် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများက အောင်ဆန်း ဇာနည်ကဗျာဖြင့် ပြိုင်ပွဲဝင်ကြပြီး လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမဒေါ်လွင်လွင် သန်းက ပြောကြားသည်။

ယင်းနောက် ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူ များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ဗိုလ်ချုပ် အကြောင်းပြသထားသော နံရံကပ်ကြော်ငြာဘုတ်များကို ကြည့်ရှုကြကြောင်း သိရသည်။

ပဲခူးမြို့ရှိ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်၌ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် သံဃာတော် များအား ဆွမ်းဆန်စိမ်း၊ နဝကမ္မလှူဖွယ်ပစ္စည်းများ လောင်းလှူ ပူဇော်ပြီး ဧည့်ပရိသတ်များအား ပဲပြုတ်နှင့် နံပြားများ ကျွေးမွေး လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



**ကော့သောင်း**

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ မွေးနေ့အထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာဖတ်ဝိုင်းကို ကော့သောင်းခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖေဖော် ဝါရီ ၁၂ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

မြို့နယ် စာအုပ်စာပေ ချစ်မြတ်နိုးသူများ အသင်းမှ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ခင်ဝမ်းရည်၊ ဒေါ်မြတ်မြတ်စိုးနှင့် ဒေါ်နွယ်နွယ်အောင်တို့က ဦးဆောင်ဆွေးနွေး ခဲ့ကြပြီး တက်ရောက်လာသည့် အမျိုး သမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသူများ၊ စာပေဝါသနာရှင် များက မိမိတို့ ဖတ်ရှုလေ့လာထားကြ သည့် မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် စာအုပ်စာပေများမှ အကြောင်းအရာများ ကို အပြန်အလှန် ဖတ်ကြားဆွေးနွေး ဖလှယ်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် စာအုပ်ပြပွဲ၌ ခင်းကျင်းပြသထားသည့် စာအုပ်များအား စိတ်ပါဝင်စားစွာလေ့လာ ဖတ်ရှုခဲ့ကြသည်။

အဆိုပါအခမ်းအနားကို လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံ အတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက် များအား လူငယ်များအစဉ်အဆက်သိရှိစေ ရန်၊ ဗိုလ်ချုပ်၏ ဖြောင့်မတ်တည်ကြည်စိတ်၊ ရဲဝံ့ စိတ်၊ မဆုတ်မနစ် အားထုတ်တတ်သော စိတ် များကို လူငယ်များအတုယူနိုင်စေရန်နှင့် စိတ် ဓာတ်နှင့် အရည်အသွေးပါ ပြည့်ဝ၍ နိုင်ငံ အတွက် ရှပ်ရှပ်ချွံချွံ သယ်ပိုးထမ်းရွက်လို သော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။ **ကျော်စိုး (ကော့သောင်း)**

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် ဗိုလ်ချုပ်မိန့်ခွန်း ကောက်နုတ်ချက် ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီခွဲက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းကောက်နုတ်ချက်များ ကို ကျောင်းသား ကျောင်းသူ ကိုးဦးနှင့် ကျပန်းစကား ပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ခြောက်ဦး တို့ ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသည့် ကျောင်းသား ကျောင်း သူများအား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးနှင့် စာရေးဆရာများက ဆုများ အသီးသီးချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**



## မြန်မာနိုင်ငံဆရာဝန်အသင်း တောင်ကြီး၏ နှစ်ပတ်လည်ညီလာခံဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (တောင်ကြီး)၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာအေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အနယ်နယ်အရပ်ရပ်မှ ပညာရှင်ဆရာကြီး ဆရာမကြီးများက စာတမ်းများဖတ်ကြားသွားမည်ဖြစ်၍ ဆွေးနွေးပွဲမှ ရရှိလာမည့်ရလဒ်များသည် ရှမ်းပြည်နယ်ရှိ ပြည်နယ်သူ ပြည်နယ်သားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ အသီးသီးပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အထွေထွေရောဂါကု ဆရာဝန်များသည် မြို့ပြ၊ ကျေးလက်နေရာအနှံ့တွင် ပြည်သူများနှင့် အနီးဆုံးနေရာတွင် ရှိနေသည့်အတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်ကဏ္ဍတွင် ကူညီဆောင်ရွက်ပေးကြရန် သာမက ရောဂါတိုက်ဖျက်ရေးနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ပေးကြရန် ပြောကြားပြီး ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(ပြန်/ဆက်)**

## ကျောက်မဲမြို့တွင် (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**ကျောက်မဲ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့လာသော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ကျောက်မဲခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက ဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် အတွဲ(၃) အမှတ်(၂) သတင်းလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **ကျောက်မဲ (ပြန်/ဆက်)**

## သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီက စေတီတော်အရှေ့ဘက် ခတ်လှေကားအနီး၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း)နှင့် မြို့မိမြို့ဖ ဦးစိန်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ဖေဖော်ဝါရီ ၂၀ ရက်အထိ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ နာရီ ၉၀ ကြာ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲထိုးပွဲ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲနှင့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ဇာတ်သဘင် ပျော်ပွဲရွှင်ပွဲများ၊ အနယ်နယ်အရပ်ရပ်မှ ဈေးဆိုင်ခန်းပေါင်း ၄၀၀၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့မစခန်းမှူး ဒုရဲမှူး ဇော်မင်းဦးသည် ဖေဖော်ဝါရီ ၁၀ ရက်က ခရမ်းမြို့ အမှတ် (၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေး ဟောပြောပွဲပြုလုပ်စဉ်။

**အောင်ဆွေ(ရွှေတံတား)**

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက်ဆွေးနွေးပွဲ ကျင်းပ

**ကျိုက်မရော ဖေဖော်ဝါရီ ၁၃**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် အတ္တရံလူငယ်ပရဟိတပညာရေးကွန်ရက်က ကြီးမှူးကျင်းပသော တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက အထက ကျိုက်မရော(ပညာအားမာန်)ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦးက ဘာသာရပ်အလိုက်ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့မှ ဆရာ ဆရာမ ၁၅ ဦးက သင်ကြားရေးနည်းပြဆရာ ဆရာမ ၂၀၀ အား ဘာသာရပ်အလိုက်အုပ်စုခွဲကာ သင်ကြားဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**




## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ရေတာရှည် ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မြို့နယ်ကျေးလက်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခနရွှေကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော စိုင်တမော့ကြီးကျေးရွာရှိ ကျောက်ရောမြေ ကုန်ထုတ်လမ်းအမှတ်(၁)အရှည် ၂ မိုင် ၁ ဖာလုံနှင့် ကုန်ထုတ်လမ်းအမှတ်(၂) ပေ ၂၀ တံတားတစ်စင်း၊ ရိဗ္ဗာခင်းလမ်းအရှည် ၃ ဒသမ ၂ ဖာလုံ ဖောက်လုပ်နေမှုအခြေအနေကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးသိန်း၊ ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဦးစီးမှူးနှင့်အဖွဲ့သည် လူထုဗဟိုပြုစီမံကိန်းဖြင့် စာသင်ကျောင်းများဆောက်လုပ်လျက်ရှိသော အင်းပက်လက်၊ ဆွာမင်းလမ်း၊ တံတားကြီး၊ ကုန်းကြီး၊ ဆီဆုံကုန်းကျေးရွာတို့သို့ ကွင်းဆင်းကြည့်ရှု၍ ကျေးရွာကော်မတီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**

## သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေး

**မင်းဘူး ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွာမကန်ကျေးရွာရွာလယ်ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီက မင်းဘူးမြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်ဇော်သည် သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်းမှုခင်းအကြောင်းအရင်းများ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ငြိမ်းက ခိုး/ဆိုး/လု/နှိုက်အမှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ပြီး မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မျိုးမြတ်(မင်းဘူး)**

## လယ်ဝေးမြို့အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ပဲပုပ်စိုက်ကွင်းတွင်တောင်သူကွင်းသရုပ်ပြပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စိုက်ပျိုးရေးဦးစီးဌာနနှင့် FARM PROJECT တို့ ပူးပေါင်းကျင်းပသည့် တောင်သူကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် အေလာကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာနယ်မြေအတွင်းရှိ တောင်သူဦးသိန်းဝင်း၏ ပဲပုပ်စံပြကွက် ၁၀ ဧကအတွင်း၌ ပြုလုပ်သည်။

စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက "ဒီနှစ် နေပြည်တော်မှာဆိုရင် မတ်ပဲသီးနှံအစားပဲပုပ်၊ အစေ့ထုတ်ပြောင်းသီးနှံကို ရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးခဲ့တယ်။ အခုကာလတော့ တောင်သူတွေ သီးနှံကို ရွေးချယ်စိုက်ပျိုးတတ်လာဖို့နဲ့ စီးပွားရေးတွက်ခြေကိုက်တဲ့သီးနှံကို မှန်မှန်ကန်ကန်ရွေးချယ်တတ်ဖို့ ဒီပဲပုပ်သရုပ်ပြပွဲကို ပြုလုပ်ရတာဖြစ်ပါတယ်။ ပဲပုပ်သီးနှံရဲ့ အားသာချက်က ရေပေးသွင်းနိုင်တယ်ဆိုရင် နွေရာသီမှာလည်း စိုက်ပျိုးလို့ရသလို သုံးရာသီလုံးမှာ စိုက်ပျိုးလို့ရတယ်။ ဒါကြောင့် ဒီဒေသက တောင်သူတွေ စမ်းသပ်စိုက်ပျိုးဖို့ ဆုံးဖြတ်ထားကြတယ်လို့ သိရတယ်" ဟု ပြောသည်။

လယ်ဝေးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ဆောင်းရာသီတွင် ဆီထုတ်ပဲပုပ်သီးနှံစိုက်ပျိုးဧကမှာ ၅၅၀ ခန့်ရှိခဲ့ပြီး ယင်းစိုက်ပျိုးဧကအားလုံးမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ထွက်ရှိလာသည့်ပဲပုပ်များကို မြန်မာပဲပုပ်စိုက်ပျိုးထုတ်လုပ်သူများ အများပိုင်ကုမ္ပဏီက တစ်တင်းလျှင် လက်ရှိပေါက်ဈေး ကျပ် ၂၀၀၀၀ ဖြင့်လည်းကောင်း၊ ကျပ် ၁၈၀၀၀ အောက်မနိမ့်သောဈေးနှုန်းဖြင့်လည်းကောင်း ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

အဆိုပါကုမ္ပဏီအနေဖြင့် နေပြည်တော်ဒေသအပါအဝင် မြန်မာတစ်နိုင်ငံလုံးအတွက် ပဲပုပ်စိုက်ဧက ၅၀၀၀ ကျော်ထွက်ရှိလာသည့် ပဲပုပ်များကို ဝယ်ယူရန်စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**



ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်ဦး ရွာသစ်ရွာ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျေးရွာသူ၊ ကျေးရွာသားများအား မှုခင်းအသိပညာပေးဟောပြောစဉ်။ **ခွန်းဆက်နေ**

## ကသာမြို့နယ်တွင် ဖူးပြောင်းဈေးကွက် အဝယ်မလိုက်၍ တောင်သူအခက်ကြုံ

**ကသာ ဖေဖော်ဝါရီ ၁၃**

ကသာမြို့နယ် မိုးတားကြီးနယ်မြေဒေသများတွင် ဖူးပြောင်းဈေးကွက် အဝယ်မလိုက်၍ ရောင်းချနိုင်ရေး အခက်အခဲများရှိနေကြကြောင်း တောင်သူများထံမှ သိရသည်။

နေလှန်းပြောင်းဖူးခြောက်များကို ဝယ်လက်များမှ ပြောင်းဆန်ခြွေပြီးသား တစ်တင်းလျှင် ကျပ် ၄၅၀၀ မှ ကျပ် ၈၀၀၀ ထိ ပြောင်းအမျိုးအစားပေါ်မူတည်၍ ပေးဝယ်ကြသည်။ ပြောင်းစေ့သီးနှံမြင့်မားရေးအတွက် ဆေးဝါးအကူအညီများရယူကာ သုံးစွဲကြသော်လည်း ပိုးကျ၍ အဝယ်မလိုက်ကြောင်း သိရသည်။

"ယခင်က ဖူးပြောင်းသိမ်းဆည်းပြီး အပင်ကို ကျွဲနွားစဉ်းကျွေးကြသူများက ဝယ်ယူကြတဲ့အတွက် ပြောင်းဖူးဆန်အပြင် အပင်ပါရောင်းရတယ်၊ နွားမွေးမြူလုပ်ကိုင်သူ နည်းပါးသွားတော့ ထွန်စက်ခ၊ရိတ်သိမ်းခ၊ ပြောင်းဆန်ခြွေခ၊ အထွက်တိုးရေး၊ ဆေးဝါးသုံးစွဲခြင်း၊ ငွေအရင်းအနှီးစိုက်ထုတ်ရတာများတယ်၊ တစ်ဖူးပြောင်းစိုက်ပျိုးသူတွေဆိုရင် အပင်ကိုလှဲခုတ်ပစ်၊ မီးရှို့ဖျက်ဆီးခပါပြန်ကုန်တဲ့အတွက် အရှုံးပြနေကြတယ်"ဟုတောင်သူများထံမှ သိရသည်။

ထို့ပြင် ပြောင်းဖူးသိမ်းချိန် အမည်မသိသည့်ပိုးများကျလာသဖြင့် ခြွေထားသောပြောင်းဆန်လုပ်ငန်းကို ပြန်လည်ပြုလုပ်ကြရသည်ဖြစ်ရာ ပြောင်းဖူးဆန် ဈေးနှုန်းအနည်းငယ်ထပ်မြင့်တက်မှသာ တွက်ခြေကိုက်မည်ဖြစ်ကြောင်း ပြောင်းစိုက်ပျိုး တောင်သူများထံမှ သိရသည်။ **ဆန်းလွင်မင်း**

"မော်တော်ကားနည်းပညာ ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

▶▶ဂျပန်နိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Third Class Automotive Mechanic သင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါသင်တန်းကို မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပို့ချပါမည်။
▶▶သင်တန်းအမျိုးအစား - Automotive Engineering Diploma (3rd class)၊
သင်တန်းကာလ - One Year (တစ်နှစ်) ၊
လက်ခံမည့်ဦးရေ - (၅၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 22 - 4 - 2019
သင်တန်းအပတ်စဉ် - (၃၄) ၊ (၃၅)
ပညာအရည်အချင်း - အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်း သင်ယူဖူးသူများ ၊

သင်တန်းပြီးလျှင် ရနိုင်သောအခွင့်အရေးများ
- တန်းခွဲတိုင်းတွင် ပထမရရှိသော ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီး စရိတ်ငြိမ်းသွားရောက်ခွင့်ရရှိခြင်း။
- Okayama နည်းပညာတက္ကသိုလ်တွင် ဘွဲ့အဆင့်ရှိ မော်တော်ကားနည်းပညာရပ်များ ဆက်လက် သင်ယူနိုင်ခြင်း ။ လက်ရှိ GLORY ကျောင်းသား (၅၀) ခန့် ဂျပန်တွင် ပညာသင်ယူနေပါသည်။
- မော်တော်ကားပညာရပ်ဖြင့် ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်ခြင်း။ လက်ရှိ GLORY ကျောင်းဆင်း (၂၀)ဦး ဂျပန် တွင် လုပ်ငန်းခွင် ဝင်ရောက်လျက်ရှိသည်။
- ပြည်တွင်းရှိ မော်တော်ကားနှင့်ဆက်စပ် ကုမ္ပဏီကြီးများ ၊ Service Centre များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း။
- ဂျပန်တွင် အလုပ်လုပ်ကိုင်နိုင်ရန် နှင့် ကျောင်းဆက်တက်ရန်တို့အတွက် GLORY မှ ကူညီဆောင်ရွက်ပေးခြင်း။

▶▶ဂျပန် Okayama နည်းပညာတက္ကသိုလ် မှ ဒီပလိုမာလက်မှတ်ချီးမြှင့်ပါမည်။စာတွေ့ ၄၀% လက်တွေ့ ၆၀% လက်တွေ့ ဦးစားပေးစနစ်ဖြင့် မော်တော်ကားတစ်စီးလုံးကို အခြေခံမှ စ၍ အဆင့်မြင့်ထိ သင်ကြားရမည်။

သင်တန်းဆင်း Mechanic များကို ခေါ်ယူလိုပါက GLORY ကိုဆက်သွယ်နိုင်ပါသည်။



Okayama ကျောင်းတွင်မြန်မာ နှင့် ဂျပန် ကျောင်းသားများ ပူးတွဲလေ့ကျင့်သင်ကြားပုံ




ဂျပန်နိုင်ငံ ၏ Suzuki ကားလုပ်ငန်းခွင်သို့သွားရောက်လေ့လာခဲ့သော GLORY ကျောင်းသားများ



ဂျပန်နိုင်ငံ Okayama ကျောင်းတွင်တက်ရောက်နေသော GLORY ကျောင်းသားများ




ဂျပန်နိုင်ငံသို့အလုပ်လုပ်ရန် ထွက်ခွာသွားသော GLORY ကျောင်းသားများ

GLORY Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
09-73121717 , 09-5197817 Facebook - GLORY Career Training Centre

# ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်     ။)**

**၁၃၈၀ ပြည့်နှစ်၊          ရက်**

**(၂၀၁၉ ခုနှစ်၊        လ        ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောက အတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး**ဆိုသည်မှာ ဤဥပဒေအရ အပင်မျိုးသစ်အား အကာအကွယ်ပေးအပ်နိုင်သည့် အခြေအနေများနှင့် ကိုက်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏အနိမ့်ဆုံးအဆင့်တွင်ရှိသော အပင်အုပ်စုတစ်ခုဟု သတ်မှတ်၍ အောက်ပါအရည်အသွေးများနှင့် ပြည့်စုံသော အပင်မျိုးကိုဆိုသည် -

(၁) မူလပါရှိသည့် မျိုးဗီဇတစ်ခု သို့မဟုတ် မျိုးဗီဇအစုအဖွဲ့များ ပေါင်းစပ်ခြင်းကြောင့် သက်ဆိုင်ရာ သွင်ပြင်လက္ခဏာများ ဖော်ပြနိုင်သောမျိုး၊

(၂) အခြားအပင်အုပ်စုများနှင့် အနည်းဆုံးလက္ခဏာ တစ်ခုခုတွင် ကွဲပြားခြားနားသောမျိုး၊

(၃) မျိုးပွားသည့်အခါ မျိုးဗီဇလက္ခဏာများ ပြောင်းလဲမှု မရှိဘဲ တည်ငြိမ်စွာဖော်ပြနိုင်သောမျိုး။

(ဂ) **အပင်မျိုးမွေးမြူသူ**ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည်-

(၁) အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သူ၊

(၂) ပုဒ်မခွဲငယ်(၁)ပါ အပင်မျိုးမွေးမြူသူကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင်၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ၊

(၃) ပုဒ်မခွဲငယ်(၁)နှင့်(၂)တို့တွင် ဖော်ပြထားသော အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်ဆောင်ရွက်သူ။

(ဃ) **အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေး** ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို အခြားသူ တစ်ဦးတစ်ယောက်က ပုဒ်မ ၂၂၊ ၂၄နှင့် ၂၅ပါ လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ပါက အပင်မျိုးမွေးမြူသူမှ တောင်းဆိုနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

(င) **မျိုးပွားနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်မျိုးအား မျိုးပွားရန် အသုံးပြုသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(စ) **ရိတ်သိမ်းထားသည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အသုံးပြုခြင်းမှ ထုတ်လုပ်ရရှိလာသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(ဆ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ဇ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

## အခန်း(၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် အခြားသင့်လျော်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အပင်မျိုးမွေးမြူရေးလုပ်ငန်းများနှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်သည့် မူဝါဒများကို ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့် အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကိုဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၆။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူက အပင်မျိုးသစ်အား ကာကွယ်သည့်အခွင့်အရေး လျှောက်ထားလာသောအခါ အဆိုပါ အပင်မျိုးသစ်ကို သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးပေးသည့် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သဘောထားမှတ်ချက်အပေါ် စိစစ်သုံးသပ်၍ ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း(၅)
## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၇။ အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်ရရှိရန်လျှောက်ထားလာသည့် အပင်မျိုးသည် အောက်ပါ အရည်အသွေးများနှင့် ပြည့်စုံရမည်-

(က) အသစ်ဖြစ်ခြင်း၊

(ခ) ထူးခြားမှုရှိခြင်း၊

(ဂ) ညီညာမှုရှိခြင်း၊

(ဃ) တည်ငြိမ်မှုရှိခြင်း၊

(င) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးခြင်း။

၈။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးကို အပင်မျိုးသစ်ဟု မှတ်ယူရန်အတွက်-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားလာသည့်အချိန်၌ အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် အဆိုပါ အပင်မျိုး၏ မျိုးပွားနိုင်သည့် သို့မဟုတ် ရိတ်သိမ်းထားသည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံတွင် တစ်နှစ်ထက်စော၍လည်းကောင်း၊ ပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍ လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခြောက်နှစ်ထက် စော၍လည်းကောင်း စီးပွားရေးအလို့ငှာ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချထားခြင်းမရှိစေရ။

(ခ) လျှောက်ထားလာသည့် အပင်မျိုးစုနှင့် မျိုးစိတ်များသည် ယခင်လျှောက်ထားခဲ့ခြင်းမရှိပါက မြန်မာနိုင်ငံတွင် လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်ဖြစ်ပါက ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေးအလို့ငှာ ဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုးစုနှင့် မျိုးစိတ်များကို အပင်မျိုးသစ်အဖြစ် မှတ်ယူနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လျှောက်ထားရမည်။

၉။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့်အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာရှိရမည်။

ရှင်းလင်းချက်။ ။အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေး လျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားချိန်တွင် နိုင်ငံအတွင်း၌ အများလက်ခံ သိရှိထားသည့် အခြားအပင်မျိုးများထက် ထူးခြားသော လက္ခဏာပါရှိသည့် အပင်မျိုးများနှင့် စပ်လျဉ်း၍ လျှောက်ထားခြင်းကိုသာ အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးကို ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ၎င်း၏ မျိုးပွားဖြစ်စဉ်ကြောင့် အချို့သောလက္ခဏာများ ကွဲလွဲနိုင်သော်လည်း အဆိုပါအပင်မျိုး၏ မူရင်းလက္ခဏာများသည် ညီညာမှုရှိရမည်။

၁၁။ အပင်မျိုးသစ်အဖြစ်လျှောက်ထားသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်း တစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏ အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့်လက္ခဏာများ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။

၁၂။ (က) အပင်မျိုးသစ်ကိုအမည်ပေးရာတွင်-

(၁) ယင်းအပင်မျိုးသစ်၏ အမည်နှင့်သက်ဆိုင်ရာ မျိုးစု၊ မျိုးစိတ်၏ သိပ္ပံအမည်ကို ထည့်သွင်းဖော်ပြရမည်။

(၂) အဆိုပါ အပင်မျိုး၏ ကိုယ်ပိုင်လက္ခဏာများ၊ အရည်အသွေးများ သို့မဟုတ် အပင်မျိုးမွေးမြူသူမှဖန်တီးထားသည့် လက္ခဏာများကို အသိအမြင်လွဲမှားစေခြင်းနှင့် ရှုပ်ထွေးမှုဖြစ်စေသော အမည်မျိုးမပေးရ။ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ နယ်နိမိတ်အတွင်းရှိ မျိုးစိတ်တူ သို့မဟုတ် နီးစပ်သော မျိုးစိတ်များ၏ ရှိပြီးမျိုးအမည်များနှင့် ကွဲပြားခြားနားစွာ ပေးရမည်။

(၃) ယခင်သတ်မှတ်လိုက်နာ ကျင့်သုံးခြင်းမှလွဲ၍ ကိန်းဂဏန်းတစ်မျိုးတည်းသာ ဖော်ပြထားသည့် အမည်ပေးခြင်းမျိုး မပေးရ။

(၄) ပုဒ်မခွဲငယ်(၆) ပါသတ်မှတ်ချက်များအရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကုန်ဆုံးပြီးသော်လည်း လွတ်လပ်စွာအသုံးပြုနေသည့် အပင်မျိုး၏ အမည်ကို အဟန့်အတားဖြစ်စေသည့် အမည်ပေးခြင်းမျိုးမပေးရ။

(၅) အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် တူညီသော အမည်ပေးခြင်းမျိုး ဖြစ်ရမည်။

(၆) တတိယလူ၏ ဦးစားပေးအခွင့်အရေးအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ တတိယလူ၏ ဦးစားပေးအခွင့်အရေးကြောင့် အပင်မျိုးသစ်၏အမည် အသုံးပြုခြင်းအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) ပြဋ္ဌာန်းချက်များပါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တားမြစ်ပိတ်ပင်ခြင်းခံရလျှင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူကို အဆိုပါ အပင်မျိုးအတွက် အခြားအမည် တင်ပြစေရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာ

ဒေါက်တာ ပိုးပိုး ပါမောက္ခ (ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

**တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းဟာ ယခင်နှစ်တွေနဲ့မတူ အနည်းငယ်ပြောင်းလဲမှုရှိမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေပြဋ္ဌာန်းစာအုပ်ကို အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းစေပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှု (Critical Thinking) နှင့် ပြောဆိုဆက်ဆံနိုင်မှု (Communicative Skills) ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ ခေတ်နှင့်လျော်ညီတဲ့ မေးခွန်းတွေဖြစ်လာစေဖို့ ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ်က စတင်ပြောင်းလဲမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် အခက်အခဲမဖြစ်စေဘဲ သူတို့ရဲ့စဉ်းစားဉာဏ် ပိုမိုဖွံ့ဖြိုးတိုးတက်စေမယ့် အကျိုးကျေးဇူးကို ရှေးရှုပြီး မေးခွန်းအချို့ကို မွမ်းမံပြင်ဆင် ဖြည့်စွက်မှာဖြစ်ပါတယ်။ မေးခွန်းတွေကို ကျောင်းသားအများစု ဖြေဆိုနိုင်မယ့် လွယ်၊ သင့်၊ ခက် မေးခွန်းတွေ ပါဝင်မှာဖြစ်လို့ သင်ခန်းစာများကို ကျေညက်စွာ လေ့လာထားတဲ့ ကျောင်းသား ကျောင်းသူများ ဖြေဆိုနိုင်မယ့် မေးခွန်းပုံစံဖြစ်ပါတယ်။**

ပြဋ္ဌာန်းစာအုပ်နဲ့ မေးခွန်းပုဒ်ရေ စုစုပေါင်း (၉)ပုဒ်ကို ပြောင်းလဲမှာ မဟုတ်ပါဘူး။ မေးခွန်းအများစုဟာ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၁)**ကတော့ ယခင်နှစ်တွေကအတိုင်း သင်ခန်းစာ (၁၄) ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာ ပါတဲ့အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား(၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

**Question No. I (A)** က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင်ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ ဝါကျ(၅)ကြောင်းပေးထားပြီး ပေးထားတဲ့ ကွက်လပ်မှာ စာလုံးတစ်လုံး ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကိုဖြည့်ရမှာ ဖြစ်ပါတယ်။ သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုစကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ Noun သို့မဟုတ် Adjective နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ Verb ပြောင်းပြီး ဖြည့်ချင်ဖြည့်ရပါမယ်။ စာပိုဒ်ထဲမှာ PassiveVoice နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ Active Voice နဲ့ ဖြည့်ချင်ဖြည့်ရပါမယ်။

ဥပမာ - စာပိုဒ်ထဲမှာDifferent people have different ideas of beauty or handsomeness. လို့ ပေးထားပေမယ့် မေးခွန်းမှာIdeas of beauty and handsomeness ---------- from person to person.လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက Verb ဖြစ်ရပါမယ်။ ဒါကြောင့် Different ဆိုတဲ့ စာပိုဒ်ထဲကစာလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ Different ကို differ လို့ပြောင်းပေးမှ အဖြေမှန်မှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ Active Voice ကို Passive Voice နဲ့ ပြောင်းဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ- စာပိုဒ်ထဲမှာ Helen was almost a wild child. No one could control her. လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက Helen could not ---------- by anyone, because she was almost a wild child. လို့ ပေးထားမယ်ဆိုရင် ဒီစာကြောင်းမှာဖြည့်ရမယ့် စကားလုံးဟာ Passive Voice ဖြစ်ရပါမယ်။ ဒါကြောင့် control လို့ ဖြေပေးလို့မရပါဘူး။ be controlled လို့ရေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

**Question No. I (B)** ကတော့ **Answer each question in one sentence .** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေကို မေးတဲ့မေးခွန်း(၅)ခု ပေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ ဖြေပေးရမှာ ဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက်(fact)ရော သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့လိုပါတယ်။

ဥပမာ - She became angry and violent very easily and threw things onto the floor or at other people. လို့ပေးထားပြီး When Helen became angry and violent, what did she do ? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ထဲက စာကြောင်း She became angry and violent very easily and threw things onto the floor or at other people. ကို ပြန်ကူးချလို့မရပါဘူး။ မေးထားတဲ့မေးခွန်းကို ပြန်ကောက်ပြီး When Helen became angry and violent, she threw things onto the floor or at other people.လို့ ပြန်ဖြေပေးရပါမယ်။

ဒ့ါအပြင် The beach resorts at Pattaya and Phuket offer a wide range of activities from scuba diving and windsurfing to golf. လို့ပေးထားပြီး What examples of water sports are given in the passage? လို့ မေးခဲ့ရင် The examples of water sports (that are) given in the passage are scuba diving and windsurfing လို့ ဖြေမှမှန်ပါမယ်။ water sports ကို မေးတာဖြစ်လို့ golf ကို ထည့်ရေးရင် အမှတ်ပြည့်မရနိုင်ပါဘူး။

တစ်ခါတစ်ရံမှာ စာပိုဒ်ထဲက အကြောင်းအရာနဲ့ ဆက်စပ်ပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ဖြေဆိုရတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။ ဥပမာ - Some think that men who are tall, dark and muscular are handsome but for some, those who are fair and slightly built are cute ... Girls who are tall usually long to be dainty and small, and vice versa; plump girls with rosy round faces would love to be pale and delicate; slender girls with very white skin hate their pale and colourless look. ဆိုတဲ့ ဖတ်စာအုပ်ထဲက စာပိုဒ်ပေးထားပြီး What kind of boy or girl would you like to be ? လို့မေးခဲ့ရင် ပေးထားတဲ့ စာပိုဒ်ကို ကိုးကားပြီး I would like to be a tall, dark and muscular boy. (သို့မဟုတ်) I would like to be a slender girl. လို့ပဲ ဖြေလို့ရပါတယ်။ ဒါမှမဟုတ် I would like to be a beautiful girl. လို့ ရေးလို့ရပါတယ်။ အဓိကကတော့ ယုတ္တိရှိတဲ့ အဖြေဖြစ်ဖို့နဲ့ သဒ္ဒါမှန်ဖို့ပဲ ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

**မေးခွန်းနံပါတ်(၂)** ကတော့ **Fill in each numbered blank with a word from the list given. There are five extra words. Write down only the number of the blank and the word that fills it.** ဖြစ်ပါတယ်။

ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး (၈)လုံးမြောက် စကားလုံးတွေမှာ ကွက်လပ်ဖြည့်ပေးရမှာဖြစ်ပါတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကိုဖြည့်စွက်ဖို့ စကားလုံး(၂၅)လုံးကိုလည်း ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာလုံး(၅)လုံး ပိုပေးထားတာပါပဲ။ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၃)** ကိုတော့ ယခင်နှစ်များနဲ့မတူဘဲ III(A)နဲ့ III(B) ဆိုပြီး (၂)ပိုင်းခွဲထားပါမယ်။

**III (A)** ကတော့ **Choose the appropriate word to complete the sentences.** ဖြစ်ပါတယ်။ ဖတ်စာအုပ်ထဲမှ စကားလုံးများကို ကွက်လပ်ဖြည့်မေးခွန်းအနေနဲ့ ဝါကျအသစ်မှာ ထည့်မေးတာဖြစ်ပါတယ်။ ရွေးချယ်ဖို့ စကားလုံး (၃)လုံး ပေးထားပြီး မှန်တဲ့စကားလုံးကိုရွေးရမှာ ဖြစ်ပါတယ်။ ဥပမာ - Space travel is one of the ---------- of modern science and technology. လို့ ပေးထားပြီး ရွေးချယ်စရာ A.activities B.wonders C.surprises လို့ ပေးထားပါမယ်။ အဖြေမှန်က B.wonders လို့ မေးခွန်းနံပါတ်နဲ့အဖြေကို ရေးပေးရပါမယ်။ ပေးထားတဲ့ဝါကျရဲ့အဓိပ္ပာယ်နဲ့ ရွေးချယ်ဖို့ပေးထားတဲ့ စကားလုံးတွေကို ဘယ်လိုသုံးရတယ်ဆိုတာသိရှိမှ အဖြေမှန်ကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကတော့ Animals can be classified ---------- different types. ဖြစ်ပြီး ပေးထားတဲ့ စကားလုံးတွေက A. into B. in C. onto ဖြစ်မယ်ဆိုရင် အဖြေမှန်က A. into ဖြစ်ပါတယ်။ မေးထားတဲ့ ဝါကျတစ်ကြောင်းလုံးကို ပြန်ကူးဖို့မလိုပါဘူး။ နံပါတ်တပ်ပြီး အဖြေကိုရေးရင် ရပါတယ်။

III (B) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** ဖြစ်ပြီး ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေကို ကွက်လပ်ဖြည့်မေးတာပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူတွေရဲ့သင်ယူထားတဲ့ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်လည်ရေးသားနိုင်မှုကို စစ်ဆေးတာဖြစ်ပါတယ်။ တိတိကျကျ ပြန်လည်ဖော်ပြဖို့လိုတဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။

ဥပမာ- A great steel bridge
With towers ------------;

လို့မေးရင်stiff and tall လို့ ဖြေပေးရမှာဖြစ်ပါတယ်။ မေးထားတဲ့စာကြောင်းတွေကို ပြန်ကူးဖို့မလိုပါဘူး။

**မေးခွန်းနံပါတ်(၄)**ကတော့ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိ၊ မရှိ စစ်ဆေးဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။ ယခင်နှစ်များကလို ရွေးချယ်စရာပေးမထားတာကို သတိပြုမိဖို့ လိုပါတယ်။ ကျောင်းသား ကျောင်းသူများဟာ အချက်အလက်ရောသဒ္ဒါပါ မှန်မှန်ကန်ကန်နဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။

ဥပမာ -

What are nightmares and when do they occur? လို့ မေးထားတယ်ဆိုရင် Nightmares are terrifying dreams, a collection of confused thoughts and they occur towards dawn. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ Name two advantages of self-service supermarkets. လို့ မေးခဲ့ရင် Two advantages of self-service supermarkets are that there is no waiting to be served and there is a wide variety of choice. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။

နောက်ပုံစံတစ်ခုဖြစ်တဲ့

Who said these words and to whom were they said? What do they mean?

"Oh, to hell with your stars and constellations!"

ဆိုတဲ့ ပုံစံလည်းမေးနိုင်ပါသေးတယ်။ ဒါဆိုရင် The philosopher, the medico, the man of music and dancing said these words to the astrologer. They mean that after plucking the tender bael leaves, the astrologer was waiting for the influence of the descending constellations to come down. Therefore his three friends became impatient with him and yelled at him saying these words. လို့ ဖြေပေးရပါမယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ သင်ခန်းစာ (၁၄)ခုလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။ ယခုဖြေပြတဲ့အဖြေတွေက နမူနာအဖြေများသာ ဖြစ်ပါတယ်။ ဆိုလိုရင်းမှန်ကန်တဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

မေးခွန်းနံပါတ်(၄) အပုဒ်ငယ်(၅)ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်ပါတယ်။What do these lines mean ? လို့ မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်း အဓိပ္ပာယ်ရော သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ -What do these lines mean?

Content to breathe his native air

In his own ground . ဆိုတဲ့ကဗျာထဲက စာကြောင်း(၂)ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာ(၂)ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၅)**ကတော့ ယခင်မေးခွန်းများနဲ့ မတူတော့ပါဘူး။ စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာ ဖြစ်ပေမယ့် ပေးထားတဲ့စာပိုဒ်က ဖတ်စာအုပ်ထဲက စာပိုဒ်မဟုတ်ပါဘူး။ ကျောင်းသားကျောင်းသူတို့ အသက်အရွယ်နဲ့ ကိုက်ညီမယ့် အကြောင်းအရာပိုင်းနဲ့ language တို့ပါဝင်တဲ့ စာပိုဒ်မျိုးဖြစ်ပါမယ်။ ဥပမာ - စာပိုဒ်က

Forests and trees aren't just pretty to look at. They do an important job making the earth's environment suitable for life. They clean the air, store water, preserve soil, and provide homes for animals. They also supply food, fuel, wood products, and paper products for humans. လို့ပေးထားပြီး What do forests and trees provide animals and humans? လို့မေးရင် အဖြေက Forests and trees provide homes for animals and food, fuel, wood products, and paper products for humans. လို့ မှန်မှန်ကန်ကန်ဖြေပေးရပါမယ်။

ဒ့ါအပြင် ကျောင်းသားကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲကအကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်ပါတယ်။

ဥပမာ - paper တွေကို recycle လုပ်နိုင်တဲ့အကြောင်းပါတဲ့ အောက်ပါစာပိုဒ်ကိုပေးထားပြီး paper တွေအပြင် အခြားဘာတွေကို recycle လုပ်လို့ရလဲလို့ မေးတဲ့မေးခွန်းမျိုးတွေလည်း ဖြေဆိုနိုင်ဖို့လိုပါတယ်။

How can you use less paper? One answer is to reduce your paper use by using both sides of the paper when you photocopy, write a letter, or write a paper for school. …A final answer is to recycle used paper products instead of throwing them away. Most schools, offices, and neighbourhoods have some kind of recycling centre.

What other materials can we recycle apart from paper ? လို့ မေးရင်

Apart from paper, we can recycle plastic, glass, and iron. လို့ ဖြေဆိုနိုင်ပါတယ်။

ဒီလိုမေးခွန်းတွေဟာ open-ended ဖြစ်လို့ အဖြေက တစ်ခုထက်မက ရှိပါတယ်။ အဓိပ္ပာယ်ရှိတဲ့ သဒ္ဒါမှန်တဲ့ မည်သည့် အဖြေကိုမဆို အမှတ်ပေးမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေက တစ်ပုဒ်ကို (၂)မှတ်ပေးတဲ့ မေးခွန်းတွေဖြစ်တဲ့အတွက် အဖြေ တစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်ရနိုင်ပါတယ်။

**မေးခွန်းနံပါတ်(၆)** ကတော့ capital letter, comma, semicolon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe စတဲ့ Punctuation တွေကို မှန်မှန်ကန်ကန် သုံးတတ်မှုကို စစ်ဆေးတဲ့မေးခွန်းတွေ ဖြစ်ပါတယ်။ Punctuate the following.လို့ မေးမှာ ဖြစ်ပါတယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့လိုပါတယ်။ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့ပဲ လိုပါတယ်။

*စာမျက်နှာ ၂၀ သို့*

# ကျောင်းသင်ခန်းစာ၊ စာအုပ်စင်ကဏ္ဍ

*စာမျက်နှာ ၁၉ မှ*

ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်က ပြောတဲ့စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့အစနဲ့အဆုံးမှာ inverted comma တွေသုံးဖို့သိရပါမယ်။ ဥပမာ -

the teacher said if you dont listen carefully you wont know what to do လို့ပေးထားရင်

The teacher said, "If you don't listen carefully, you won't know what to do." လို့ ပြန်ရေးပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၇)**မှာ အပိုင်း(၂)ပိုင်းပါဝင်ပါတယ်။

ပထမပိုင်း**VII(A)**က **Stylistic Transformation. Finish each sentence in such a way that it means exactly the same as the sentence that is given.** လို့ မေးမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ဝါကျ (၁၀) ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလို အဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ဝါကျတွေ နဝမတန်းနဲ့ ဒသမတန်းပြဋ္ဌာန်းစာအုပ်တွေထဲမှာ ပါပါတယ်။ အဲဒီလေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။

ဒုတိယပိုင်း**VII(B)** ကတော့ **Using the prompts given, write a very short paragraph on:** ဆိုပြီး ရွေးစရာ(၂)ပုဒ်ပေးပါမယ်။ ပေးထားတဲ့ prompt တွေကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားကျက်မှတ်ထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ ကိုယ်ပိုင်နိုင်စွာရေးနိုင်မယ့် တစ်ပုဒ်ကိုရွေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ write a very short paragraph ဆိုတာကိုသတိပြုပါ။ ပေးထားတဲ့ prompt အားလုံးကို ပြန်သုံးပြီး သဒ္ဒါမှန်တဲ့ ဝါကျတွေရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

ဥပမာ - The moon: a nice place to visit ? အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompt တွေက moon - satellite - earth - it - about 240,000 miles away - our planet earth ဖြစ်ရင် The moon is a satellite of the earth, and it is about 240,000 miles away from our planet earth. လို့ ဝါကျကို မှန်မှန်ကန်ကန် တည်ဆောက်တတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ moon တို့၊ earth တို့မှာ article "the" လိုအပ်ပြီး satellite ရှေ့မှာတော့ article "a"လိုအပ်ပါတယ်။ အဲဒီအပြင် the moon နဲ့ a satellite ကြား it နဲ့ about 240,000 miles ကြားမှာ verb to be ဖြစ်တဲ့ is ကို ထည့်ပေးရပါမယ်။ The moon is a satellite နဲ့ the earth is about 240,000 miles away from our planet earth နှစ်ခုကို ဆက်သွယ်ပေးဖို့ conjunction "and" နဲ့ comma (,) တို့ကိုလည်း ထည့်ပေးရမယ်။ ဒါတွေကိုသိပြီး ဝါကျအဖြစ် တည်ဆောက်တတ်ဖို့ လိုပါတယ်။ စာပိုဒ်ကို ရေးဖို့ဆိုရင် article တွေ၊ preposition တွေ၊ conjunction တွေ၊pronoun တွေနဲ့ punctuation တွေကို ဘယ်လိုသုံးရမယ်ဆိုတာသိရှိပြီး များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာပိုဒ်တွေကို တိုက်ရိုက်ပေးထားမှာ မဟုတ်လို့ အလွတ်ကျက်မှတ်တာထက် မိမိကိုယ်တိုင် ဝါကျတွေကို တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

**မေးခွန်းနံပါတ်(၈)** ကတော့ Letter writing ဖြစ်ပါတယ်။ **Choose a situation given below and write a letter. Do not write more than 300 words.** လို့ မေးမှာဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၂)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ(၃၀၀)ထက်မပိုအောင် ရေးသားဖြေဆိုရပါမယ်။ ဒီမေးခွန်းကိုဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ(၁) စာရေးသူ(Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာသိဖို့ လိုပါတယ်။ (၂)ဘာအကြောင်းအရာရေးရမလဲဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့အချက်တစ်ချက်ကတော့ မေးခွန်းမှာစာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမဲ့သူ(Addressee) တွေရဲ့နာမည်ကို ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိနာမည်၊ မိမိကျောင်း၊ မိမိမြို့စတာတွေကို လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။ ဥပမာ -

You are **Thida** and you live at **No.7, Insein Road, Yangon**. Write to **your aunt,** who has been teaching high school students for nearly twenty years. Tell her how much you fear the matriculation examination and request her to give you some advice to overcome your fear.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် အကြောင်းအရာနှစ်ချက်ပါပါတယ်။ ပထမအချက်က how much you fear the matriculation examination နဲ့ ဒုတိယအချက်က request her to give you some advice to overcome your fear ဖြစ်ပါတယ်။ မိမိစာမေးပွဲကို ဘယ်လိုကြောက်ကြောင်း၊ ဒီလိုကြောက်ရွံ့မှုကို ကျော်လွှားနိုင်ဖို့ အဒေါ်ထံက အကြံဉာဏ်တောင်းလိုကြောင်းနဲ့ အဒေါ်ဖြစ်သူက အထက်တန်းကျောင်းသားတွေကို နှစ်(၂၀)နီးပါးသင်ကြားနေတဲ့ ဆရာမဖြစ်လို့ မိမိကို အကြံဉာဏ်ကောင်းတွေ ပေးနိုင်မယ်လို့ မျှော်လင့်ကြောင်း စသည်ဖြင့် အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ မေးထားတာနဲ့ မဆီလျော်လို့ အမှတ်ကောင်းကောင်းမရနိုင်ပါဘူး။

**မေးခွန်းနံပါတ်(၉)** ကတော့ **Write an essay of three paragraphs on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ်(၃)ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။ ဥပမာ - Places of recreation in Myanmar ကို ကိုယ်ကျက်ထားတာက Tourist Attractions in Myanmar ဖြစ်ခဲ့ရင် အနည်းငယ်တူညီတယ်ထင်ရပေမယ့် တကယ်တော့ ကွာခြားချက်တွေ အများကြီးရှိနေပါတယ်။ ကိုယ်ဖော်ပြတဲ့နေရာတွေက recreation အတွက် သွားလို့ရတဲ့နေရာ၊ ကိုယ့်ကိုပျော်ရွှင်စရာတွေ ပေးနိုင်တဲ့ အပန်းဖြေလို့ရတဲ့နေရာတွေဖြစ်ရပါမယ်။ ဘုရားအကြောင်းတွေ၊ သမိုင်းဝင်နေရာဖြစ်ကြောင်းတွေ ရေးသားမယ်ဆိုရင်တော့ မဆီလျော်နိုင်ပါဘူး။ ဒါ့ကြောင့် သေသေချာချာ စဉ်းစားတွေးတောပြီးမှ ရေးဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲမှာ စာစီစာကုံးနဲ့ပေးစာတွေကို ကောင်းကောင်းရေးနိုင်ဖို့

(၁) Organization - ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးစသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ရပါမယ်။

(၂) Relevancy - ဆီလျော်မှုရှိခြင်း။ မိမိရေးရမယ့်အကြောင်းအရာနဲ့ ဆီလျော်တာကိုပဲ ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် ဆီလျော်မှုမရှိလို့ အမှတ်မရနိုင်ပါဘူး။

(၃) Content - အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ ဖန်တီးနိုင်ဖို့လိုပါမယ်။

(၄) Langauge - အသုံးအနှုန်းမှန်ကန်ခြင်း။ သုံးတဲ့ စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊လှခြင်း၊ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်ခြင်း၊ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးကို ရေးတတ်ရပါမယ်။

(၅) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

ဒီနေရာမှာ ထပ်မံသတိပေးလိုတာကတော့ ပေးစာရေးရာမှာဖြစ်ဖြစ် စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် စာလုံးရေကန့်သတ်ထားတာကို သတိရှိပါ။


ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိ၊ သဒ္ဒါမှန်မှန်နဲ့ရေးဖို့ အရေးကြီးပါတယ်။ နှစ်တိုင်းလိုလို စာစစ်ရာမှာ တွေ့ကြုံရတဲ့အခက်အခဲကတော့ ပေးစာတွေ၊ စာစီစာကုံးတွေကို အရှည်ကြီးရေးသားပြီး ဆီလျော်တာရော မဆီလျော်တာတွေရောကို စုပြုံရေးသားခြင်းပဲ ဖြစ်ပါတယ်။ စာလုံးရေ ကန့်သတ်လိုက်တဲ့အတွက် မဆီလျော်တာတွေပါနေရင် ဆီလျော်တာတွေကျန်ခဲ့မှာဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်ပါတယ်။ ဒါမှသာ မေးထားတဲ့အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့်ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုလုံးက စာပိုဒ်တွေအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေရဲ့ ဝေါဟာရတွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင်လေ့လာဖို့၊ ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့စာစီစာကုံးတွေကိုလည်း ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင်ရေးတတ်ဖို့လည်း ကြိုးစားလေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၁၉ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

## ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

### ၁၂ လ ၁၂ ပွဲ အခင်းအကျင်း



မြန်မာလူမျိုးများ၏ ရိုးရာပွဲတော်များကို သိရှိနိုင်စေရန် စာရေးသူ ကေသီရိ(တောင်ငူ) စီစဉ်ရေးသားသည့် ၁၂လ ၁၂ ပွဲ အခင်းအကျင်း စာအုပ်ထွက်ရှိလာသည်။

တန်ခူးလသင်္ကြန်ပွဲသည် သမိုင်းကြောင်းရှည်လျားသည့် မြန်မာလူမျိုးများ အထွတ်အမြတ်ထားသည့် ပွဲတော်တစ်ခုဖြစ်သည်။ တန်ခူးလ မရောက်မီ တပို့တွဲနှင့် တပေါင်းလများကတည်းက သင်္ကြန်သီချင်းများ တညံညံ၊ ဗုံသံတွေတဆူဆူနှင့် အလှူခံထွက်ကြသည်။ သက်ကြီးပူဇော်ပွဲ၊ စုပေါင်းရဟန်းခံရှင်ပြုပွဲနှင့် နှစ်သစ်မင်္ဂလာအခါတော်နေ့ ကြိုဆိုသည့်ပရိတ်ပွဲများကို စုပေါင်းကျင်းပကြရာ ရှေးအစဉ်အလာအတာရေသွန်းပွဲတော်ထက် ပိုမိုစည်ကားလာသဖြင့် ထေရဝါဒဗုဒ္ဓဘာသာ အလိုကျ ဘာသာရေးယဉ်ကျေးမှုပွဲတော်အဖြစ်ပိုမိုထင်ရှားလာသည်။ ၁၂ လရာသီတွင် ကျင်းပလျက်ရှိသော ပွဲတော်များနှင့် အကြောင်းအရာများကို သိရှိနိုင်စေရန် ရေးသားထားသည်။

**စာအုပ်ကို - နှလုံးလှစာပေ၊ အမှတ်-၅၊ လမ်း-၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၉၀၉၈၁ နှင့် ၀၉ ၇၃၀၄၂၀၀၁ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

### ခေတ်ပုံရိပ် (အမှတ်စဉ်-၇)



မြန်မာစာပေဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးကို ရည်ရွယ်၍ စာပေချစ်မြတ်နိုးသူ ကလောင်ရှင်များ စုစည်းထုတ်ဝေသည့် ခေတ်ပုံရိပ်အမှတ်စဉ်(၇) စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကဗျာ ၁၀ ပုဒ်၊ ဆောင်းပါး ၁၀ ပုဒ်၊ ဝတ္ထုတိုနှစ်ပုဒ်နှင့် ပြဇာတ်နှစ်ပုဒ်ပါရှိသည်။ နှလုံးသားလှပစေခြင်း နိမိတ်ပုံရိပ်များအပြင် အတွေးအခေါ်မှန်ကန်စေရန် ညွှန်းဆိုပြချက်များကိုပါ ယှက်နွှယ်သည်ကို ခံစားတွေ့ရှိရမည်ဖြစ်သည်။ ညီညွတ်မျှတစေသော စုပေါင်းဆောင်ရွက်မှုများဖြင့် စာဖတ်သူကို ကျေနပ်နှစ်သိမ့်မှုပေးနိုင်စေရန်ရည်ရွယ်၍ ရေးသားထားသဖြင့် စာရှုသူများအား အကျိုးတစ်စုံတစ်ရာ ရရှိစေမည်ဖြစ်သည်။

**စာအုပ်ကို - ကောင်းကင်မေစာပေ၊ အမှတ်-၄၇၊ သဒ္ဒါရုံလမ်း၊ ၂-မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၄၃၀၈၈၀၂၁၅ နှင့် ၀၉ ၇၃၀၈၈၀၂၁၅ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

### ပုဂံမတိုင်မီ မြန်မာအစနှင့် သမိုင်းထင်ရှား မင်းမြတ်ကိုးပါး



ဟိန်းဇေ စီစဉ်ရေးသားသည့် ပုဂံမတိုင်မီ မြန်မာအစနှင့် သမိုင်းထင်ရှား မင်းမြတ်ကိုးပါးစာအုပ် ထွက်ရှိလာသည်။

ပုဂံခေတ်က မင်းသုံးပါးဖြစ်သည့် အနော်ရထာ၊ ကျန်စစ်သားနှင့် အလောင်းစည်သူ၊ တောင်ငူ၊ ဟံသာဝတီခေတ်က မင်းနှစ်ပါးဖြစ်သည့် တပင်ရွှေထီးနှင့် ဘုရင့်နောင်၊ တတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သည့် ကုန်းဘောင်ခေတ်က အလောင်းဘုရား၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်းစသည့် မင်းကိုးပါးအကြောင်းကို သိရှိနိုင်မည်ဖြစ်ပြီး ပုဂံမတိုင်မီ မြန်မာလူမျိုးများအစနှင့် ပျူခေတ်တွင်ထင်ရှားသည့် ပန်ထွာဘုရင်မနှင့် ဒွတ္တဘောင်မင်းတို့၏ ဗိသနိုးနှင့် သရေခေတ္တရာဆိုသည့် ပျူနိုင်ငံမတိုင်မီ လူတူပရိုင်းမိတ်များ၏အကြောင်းကို ရေးသားထားသည်။ **စာအုပ်ကို - စိုးစာပေ၊ ၅၅ (E)၊ အနော်ရထာ မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၅၅၃၇၅၇ မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။**

### ဘဝသင်ခန်းစာ လမ်းညွှန်စကားများ



ညီလင်းတည် ဘာသာပြန်ဆိုရေးသားသည့် ဘဝသင်ခန်းစာ လမ်းညွှန်စကားများစာအုပ် ထွက်ရှိလာသည်။

ကျွန်တော်တို့သည် နေ့စဉ်ဘဝ လူနေမှုကိစ္စများစွာဖြင့် အနားမရနိုင်သည့်ခေတ်ကြီးတွင် ဘဝအကြောင်း၊ လူသားအကြောင်း၊ ချစ်ခြင်းမေတ္တာအကြောင်း အစရှိသည့် အကြောင်းအရာများနှင့်ပတ်သက်သည့် အဆိုစကားများကို စုစည်းရွေးချယ်ပြန်ဆိုထားသည်။ တစ်ခါတစ်ရံ မိမိဘဝတွင် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်ခဲ့မှန်းတောင် မသိတော့သည့်အချိန်၊ အမှန် အမှားတောင် မကွဲပြားနိုင်တော့သည့် အချိန်တွေ၊ စိတ်ထိခိုက်နာကျင်ရသည့် အချိန်တွေရောက်လာတတ်သည်။ ထိုအချိန်တွင် စိတ်အားမလျှော့ဘဲ ဘဝကိုမျှော်လင့်ချက်၊ ယုံကြည်ချက်များနှင့် ရင့်ကျက်ကြီးပြင်းကာ ရှေ့ဆက်နိုင်ဖို့အတွက် ယင်းစာအုပ်ပါ အဆိုစကားလေးများမှ စာဖတ်သူအား အသိတစ်စုံတစ်ရာပေးစွမ်းနိုင်မည် ဖြစ်သည်။

**စာအုပ်ကို - ရွှေပဒေသာစာပေ၊ အမှတ်-၃၃၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၈၄၉၂၇ နှင့် ၀၉ ၃၆၂၂၀၈၇၄ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးကို ခုတင် ၁၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ဖွဲ့စည်းပုံသို့ တိုးမြှင့်ရန် ဆောင်ရွက်ပေးမည်

ပြည်သူ့လွှတ်တော် စာမျက်နှာ ၈ »»

## ဖလမ်းမြို့၌ မြေပြိုမှုကြောင့် ဖြိုဖျက်ခဲ့ရသည့် နေအိမ်လေးလုံးအတွက် တန်ဖိုးနည်းအိမ်ရာ လေးလုံး ဆောက်လုပ်ပေးသွားမည်

အမျိုးသားလွှတ်တော် စာမျက်နှာ ၉ »»

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ

**မြိတ် ဖေဖော်ဝါရီ ၁၃**

မြိတ်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပုလဲရတနာ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက မိမိတို့အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများသည်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၂၀၁၉ ခုနှစ်ကစပြီး အသွင်သစ်၊ အမြင်သစ်၊ မျှော်မှန်းချက်အသစ်များဖြင့် ပြည်သူများအတွက် အလွယ်တကူသိမြင်နိုင်သည့် အပြောင်းအလဲများကို ဖန်တီးပေးရန် ပြင်ဆင်နေ**

### ယနေ့ သတင်းအညွှန်း

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဒေါက်တာမျိုးသိမ်းကြီး ပိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး**

စာမျက်နှာ » ၁၀

**၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ**

စာမျက်နှာ » ၁၉

**ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်သွားသည့် အမေရိကန်လေယာဉ်တင်သင်္ဘောပျက် ရှာဖွေတွေ့ရှိ**

စာမျက်နှာ » ၁၃



## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖျော်ဖြေပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ ပူးပေါင်းဖျော်ဖြေကြသည့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည်။

**သီဆိုဖျော်ဖြေ**

ရှေးဦးစွာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ချင်းတောင်တန်းမှ ဖိတ်ခေါ်ပါတယ်၊ အဖြူရောင်သံစဉ်၊ မလိခအလွမ်း၊ လတ်တီးနှင့် ဉမကွဲ သိုက်မပျက် သီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး တေးသံရှင် ပိုးမီက “အလိုက်တသိ” နှင့် “မင်းအတွက်သီချင်း” သီချင်းများဖြင့် သီဆိုဖျော်ဖြေသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❐